# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂။)**

**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကလေးသူငယ်ကို ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း သို့မဟုတ် ကလေးသူငယ် ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းဆိုင်ရာပြစ်မှုတစ်ခုခုသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီလျှင် ဤဥပဒေဖြင့်သာ စီရင်ပိုင်ခွင့်ရှိစေရမည်–

(က) နိုင်ငံတော်အတွင်း မည်သူမဆို ကျူးလွန်ခြင်း၊

(ခ) နိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူကဖြစ်စေ၊ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသည့် နိုင်ငံခြားသားကဖြစ်စေ ကလေးသူငယ်တစ်ဦးဦးအပေါ် ပြည်ပတွင် ကျူးလွန်ခြင်း၊

(ဂ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ပြီး နိုင်ငံတော်အလံလွှင့်ထူခွင့်ရှိသော ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်း၊

(ဃ) ဤဥပဒေ အခန်း (၁၈) ပါ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူအား ပြည်ပနိုင်ငံတစ်ခုခုသို့ လွှဲပြောင်းပေးပို့ခြင်းမပြုသည့်ကိစ္စ၌ ထိုသူက နိုင်ငံတော်အတွင်းရှိနေခြင်း။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည်–

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။

(ဂ) **အသက်နှင့်စပ်လျဉ်းသည့် အထောက်အထား** ဆိုသည်မှာ ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်း၍ မွေးစာရင်း၊ ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဆရာဝန်၏ ဆေးထောက်ခံချက်၊ အိမ်ထောင်စုစာရင်းနှင့် အခြားခိုင်လုံသောအထောက်အထား စာတမ်းအမှတ်အသားတစ်ခုခုကို ဆိုသည်။

(ဃ) **ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွား** ဆိုသည်မှာ ကလေးသူငယ်၏ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေး တို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ကလေး သူငယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှုအများဆုံးဖြစ်စေသည့် ကလေးသူငယ် အခွင့်အရေးများ ရရှိခံစားခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်၏ အရေးကိစ္စများကို စီမံ ဆောင်ရွက်ရာတွင်လည်းကောင်း၊ကလေးသူငယ်ဆိုင်ရာမှုခင်းများကို စီရင်ဆုံးဖြတ်ရာတွင်လည်းကောင်း ကလေးသူငယ်၏ အကျိုးစီးပွားကို အဓိကဦးစားပေးဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(င) **ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်** ဆိုသည်မှာ နိုင်ငံတော်၏ တည်ဆဲ ဥပဒေ တစ်ရပ်ရပ်အရစွပ်စွဲခံရသော သို့မဟုတ် တရားခံအဖြစ် တရားစွဲဆိုခြင်းခံရသော ကလေးသူငယ်ကို ဆိုသည်။

(စ) **ကလေးသူငယ်မှုခင်း** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကလေးသူငယ်အား ကလေးသူငယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့သော ပြစ်မှုကို ဆိုသည်။

(ဆ) **ကလေးသူငယ်တရားရုံး** ဆိုသည်မှာ ဤဥပဒေအရ ကလေးသူငယ်ပါဝင်သော မှုခင်းများကို စစ်ဆေးစီရင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တည်ထောင်ထားသော တရားရုံးကို ဆိုသည်။

(ဇ) **အုပ်ထိန်းသူ** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း၊

မလေ့ထုံးတမ်းအစဉ်အလာတစ်ရပ်ရပ်အရသော်လည်းကောင်း မိသားစုလူမှုဝတ္တရား နှင့်အညီ ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်သူကို ဆိုသည်။

(ဈ) **ပြုစုစောင့်ရှောက်သူ** ဆိုသည်မှာ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်အား ဤဥပဒေနှင့်အညီ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားရန် တာဝန်ယူသောသူကို ဆိုသည်။

(ည) **သင်တန်းကျောင်း** ဆိုသည်မှာ ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တတို့ အပါအဝင် ကလေးသူငယ်တို့၏အကျိုးအလို့ငှာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် ဝန်ကြီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းကို ဆိုသည်။

(ဋ) **ပရဟိတဂေဟာ** ဆိုသည်မှာ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းကဖြစ်စေ ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုပျိုးထောင်ရန် ဤဥပဒေအရ မိမိတို့၏ အစီအစဉ်ဖြင့် တည်ထောင်ထားသော စခန်း၊ ဂေဟာ၊ ကျောင်း သို့မဟုတ် ရိပ်သာကို ဆိုသည်။

(ဌ) **ယာယီစောင့်ရှောက်ရေးဂေဟာ** ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အမှုစုံစမ်းစစ်ဆေးဆဲကာလနှင့် ကလေးသူငယ်တရားရုံးတွင် စစ်ဆေးစီရင်ဆဲကာလတို့အတွင်း ယာယီ ထိန်းသိမ်းစောင့်ရှောက်ရန် ဤဥပဒေအရ တည်ထောင်ထားသော ဂေဟာကို ဆိုသည်။

(ဍ) **အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း (Alternative Care)** ဆိုသည်မှာ အခြေအနေတစ်ရပ်ရပ် ကြောင့် မိရင်းဖရင်း ပြုစုစောင့်ရှောက်မှုဆုံးရှုံးသွားသော သို့မဟုတ် မရရှိသော ကလေးသူငယ်များအား မိရင်းဖရင်းကဲ့သို့ ပြုစုစောင့်ရှောက်မှု နည်းလမ်းတစ်ခုခုဖြင့် ပြုစုစောင့်ရှောက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆွေမျိုးသားချင်းများက ပြုစုစောင့်ရှောက်ခြင်း၊ သင်တန်းကျောင်းအခြေပြု ပြုစု စောင့်ရှောက်ခြင်း၊ ယာယီပြုစုစောင့်ရှောက်ခြင်း စသည့်နည်းလမ်းများလည်း ပါဝင်သည်။

(ဎ) **အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း (Diversion)** ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ပြစ်ဒဏ်ချမှတ်မည့်အစား အကျင့်စာရိတ္တပြုပြင်ရေးနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ရေးကို ဦးတည်၍ ထိုကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုခြင်းမပြုမီဖြစ်စေ၊ ကလေးသူငယ်တရားရုံးတွင် အမှုစစ်ဆေးနေစဉ် ကာလအတွင်းတွင်ဖြစ်စေ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများအတွက် ပြောင်းလဲဆောင်ရွက်ပေးသည့် အခြား လုပ်ငန်း အစီအစဉ်များကို ဆိုသည်။

(ဏ) **မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ဆိုသည်။

(တ) **ကလေးသူငယ်ကို ရောင်းချခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ ဂိုဏ်းအုပ်စုတစ်ခုက ဖြစ်စေ ကလေးသူငယ်ကိုအခြားသူအား ငွေကြေးဖြင့်ဖြစ်စေ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက် တစ်ခုခုအတွက်ဖြစ်စေ လွှဲပြောင်းပေးခြင်းကို ဆိုသည်။

(ထ) **ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း** ဆိုသည်မှာ ငွေကြေးဖြင့်ဖြစ်စေ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက် တစ်ခုခုအတွက်ဖြစ်စေ ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြု ခြင်းကို ဆိုသည်။

(ဒ) **ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း** ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာလုပ်ငန်းများအတွက် ရည်ရွယ်၍ တစ်စုံတစ်ယောက်က ကလေးသူငယ်ကို ကာမဆက်ဆံမှုပြုခြင်းဖြစ်စေ၊ အမှန်တကယ် ကာမဆက်ဆံမှုမပြုဘဲ ပုံသဏ္ဍာန်ပြုလုပ်ခြင်းဖြစ်စေ၊ ကာမဆက်ဆံပုံကို သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အင်္ဂါ အစိတ်အပိုင်းကိုဖြစ်စေ တစ်နည်းနည်းဖြင့် ညစ်ညမ်းပုံပြုလုပ်ခြင်း၊သတင်းမီဒီယာမှသော်လည်းကောင်း၊ အင်တာနက်စာမျက်နှာများနှင့် လူမှုကွန်ယက်များမှသော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော် လည်းကောင်း ထုတ်ဖော်ပြသခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ဆိုသည်။

(ဓ) **ခေါင်းပုံဖြတ်ခြင်း (Exploitation)** ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် ကလေးသူငယ်ကို ပြည့်တန်ဆာ ပြုလုပ်ခိုင်းစေခြင်း၊ အခြားတစ်နည်းနည်းဖြင့် လိင်ပိုင်းဆိုင်ရာကိစ္စပြုလုပ်စေခြင်း၊ အဓမ္မအလုပ်ခိုင်းစေ ခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ ခိုင်းစေခြင်းကိုဖြစ်စေ၊ ကလေးသူငယ်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကို ဖြစ်စေ ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံ ရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်းပါဝင်သည်။

(န) **အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း (Worst forms of child labour)** ဆိုရာတွင် အောက်ပါ ပြုလုပ်မှုတစ်ခုခု ပါဝင်သည်-

(၁) ကလေးသူငယ်ကို ရောင်းချခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကျေးပိုင်ကျွန်ပိုင် ပြုလုပ်ခြင်း၊ လူကုန်ကူးမှုကျူးလွန်ခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ လက်နက်ကိုင်ပဋိပက္ခတွင် အသုံးချရန် အဓမ္မ သို့မဟုတ် မလုပ်မနေရစုဆောင်းခြင်း အပါအဝင် အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် မလုပ်မနေရအလုပ်ခိုင်းစေခြင်း၊

(၂) ပြည့်တန်ဆာ ပြုလုပ်ခိုင်းစေရေးအတွက်ဖြစ်စေ၊ ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်းပြု ရေးအတွက်ဖြစ်စေ၊ ညစ်ညမ်းပုံပြသ သရုပ်ဆောင်ရေးအတွက်ဖြစ်စေ ကလေးသူငယ်ကို သွေးဆောင် ဖြားယောင်းခြင်း၊ ဝယ်ယူခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊

(၃) မူးယစ်ဆေးဝါးထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအပါအဝင် မူးယစ်ဆေးဝါးတရားမဝင် လုပ်ကိုင်ဆောင်ရွက်မှုများအတွက် ကလေးသူငယ်ကို သွေးဆောင်ဖြားယောင်းခြင်း၊ ဝယ်ယူခြင်း၊ အသုံး ပြုခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊

(၄) လုပ်ကိုင်သော အလုပ်သဘာဝနှင့်အခြေအနေများအရ ကလေးသူငယ်၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး သို့မဟုတ် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသော အလုပ်ခိုင်းစေခြင်း။

(ပ) **ခွဲခြားဆက်ဆံခြင်း** ဆိုသည်မှာ နိုင်ငံသား၊ မျိုးနွယ်စု၊ လူမျိုး၊ အမျိုးဇာတ်၊ ဇာတိ၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာမှု၊ မသန်စွမ်းမှု၊ နိုင်ငံရေး၊ ယုံကြည်မှု သို့မဟုတ် လိင်စိတ်ခံယူမှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုကို ဆိုသည်။

(ဖ) **ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်က ဖြစ်စေ ကလေးသူငယ်အား အောက်ပါပြုလုပ်မှုတစ်ခုခုပြုလုပ်ခြင်းကို ဆိုသည်–

(၁) နှိပ်စက်ညှဉ်းပမ်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော နှိမ့်ချပြုမှု ဆက်ဆံမှု၊

(၂) ရိုက်နှက်ပြစ်ဒဏ်ပေးမှု အပါအဝင် တစ်နည်းနည်းဖြင့် အပြစ်ပေးမှု၊

(၃) ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်မှု။

(ဗ) **စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ ကလေးသူငယ်ကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် မကြာခဏ မတရားဆက်ဆံခြင်း၊ စော်ကားခြင်း၊ အလွဲသုံးခြင်း၊ စိတ်တွင် ကြိတ်မှိတ်ခံစားစေအောင် ပြုမူခြင်း သို့မဟုတ် လျစ်လျူရှုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည်–

(၁) ကလေးသူငယ်ကို အကြိမ်ကြိမ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသော ပြုလုပ်မှု၊

(၂) ကလေးသူငယ်ကို ကြောက်လန့်စေခြင်း၊ ထိတ်လန့်စေခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အထီးကျန် ဖြစ်အောင်ပြုလုပ်ခြင်း၊ ဂရုမစိုက်ခြင်းတို့နှင့်ဆိုင်သည့် ပြုလုပ်မှု၊

(၃) အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် ဆိုးဝါးသော ဆက်ဆံမှုကို တွေ့မြင်ခံစားရစေခြင်း၊

(၄) ကလေးသူငယ်၏ လူ့ဂုဏ်သိက္ခာကျဆင်းစေနိုင်သည့်ပုံစံဖြင့် ထိန်းသိမ်းထားရှိခြင်း၊

(၅) စိတ်ပိုင်းဆိုင်ရာထိခိုက်အောင် အနိုင်ကျင့်စော်ကားခြင်း။

(ဘ) **လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေး သူငယ်ကဖြစ်စေ ကလေးသူငယ်အား သွေးဆောင်ဖြားယောင်းခြင်း၊ အဓမ္မတိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း

သို့မဟုတ် အနိုင်အထက်ပြုခြင်းဖြင့် လိင်ပိုင်းဆိုင်ရာပြုမူလုပ်ဆောင်ခြင်း သို့မဟုတ် ထိုသို့ လုပ်ဆောင်ရန် အားပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည်–

(၁) ထိတွေ့ပွတ်သပ်ကိုင်တွယ်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာကိုယ်ထိလက်ရောက်အတင်းအကြပ် ပြုလုပ်မှု၊

(၂) စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပြုရန် အသုံးပြုခြင်း၊

(၃) အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ယက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း၊

(၄) အတင်းအကြပ်လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း။

(မ) **လျစ်လျူရှုခြင်း** ဆိုသည်မှာ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ကလေးနှင့် ထိတွေ့ဆက်ဆံနေရသူများက ကလေးသူငယ်အပေါ် လုံလောက်သော အစားအစာ၊ အဝတ်အစား၊ ကျန်းမာရေးနှင့် ပညာရေးတို့ အတွက် ဂရုစိုက်စောင့်ရှောက်မှု၊ ချစ်ခင်ကြင်နာမှု၊ နွေးထွေးမှုစသည့် ကလေးသူငယ်များအတွက် အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် ပျက်ကွက်ခြင်းကို ဆိုသည်။

(ယ) **မသန်စွမ်းကလေးသူငယ်** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များအား ရေရှည်ခံစားနေရသော ကလေး သူငယ်ကို ဆိုသည်။

(ရ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် ကလေးသူငယ်များ၏ အခွင့်အရေးများ ဆိုင်ရာ ရန်ပုံငွေကို ဆိုသည်။

(လ) **တည်ထောင်ခွင့်ပြုမိန့်** ဆိုသည်မှာ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၊ လူမှုရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရ မဟုတ်သောအဖွဲ့အစည်းက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင် ဖွင့်လှစ်ရန် ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပေးသော တည်ထောင်ခွင့်ပြုမိန့်ကို ဆိုသည်။

(ဝ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို

တည်ထောင်ဖွင့်လှစ်ထားလျှင်ဖြစ်စေ၊ တည်ထောင်ဖွင့်လှစ် လိုလျှင်ဖြစ်စေ ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(သ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(ဟ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဠ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ပြည်ထောင်စုနယ်မြေကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ၊ ခရိုင်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကို ဆိုသည်။

(အ) **လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ကက) **ကလေးသူငယ်ကြီးကြပ်သူ** ဆိုသည်မှာ ဤဥပဒေပါ ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ခခ) **မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ ဤဥပဒေအရ မွေးစားခြင်းကို မှတ်ပုံတင် ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေလူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံး တို့မှ လူမှုဝန်ထမ်းအရာရှိ အသီးသီးကို ဆိုသည်။

(ဂဂ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေး များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ် အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေးအပါအဝင် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဃ) လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်များအား နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန်၊

(င) ကလေးသူငယ်မှုခင်းကို သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှမှုရရှိစေပြီး ခွဲခြားဆက်ဆံခြင်းမပြုစေရန်။

## အခန်း (၃)

## အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း ရမည်–

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၃) | ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများမှ အမြဲတမ်းအတွင်းဝန် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) | ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ဆောင်ရွက် လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က)အရ အမျိုးသားကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်း ရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသည့် အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် လိုအပ်သောမူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အစီအမံများ ချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က)အရ ချမှတ်ထားသော မူဝါဒများနှင့်အညီ ကလေးသူငယ်၏ အခွင့်အရေးများကို လေးစား ရေး၊ အကာအကွယ်ပေးရေးနှင့် အပြည့်အဝခံစားစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် လိုအပ်သော အရင်းအမြစ်များရရှိရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်း ကော်မတီများနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည် ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူရေးနှင့် ယင်းလှူဒါန်း ငွေများ၊ ပစ္စည်းများကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ရန်ပုံငွေထူထောင်ပြီး ထိရောက်စွာ အသုံးပြုစေရေးတို့အတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ သင့်လျော်သလို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကလေးသူငယ်များ ပြစ်မှုမကျူးလွန်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေး အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ် များ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း၊

(ဈ) ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သော အစီရင်ခံစာများ၊ စာရင်းဇယား များကို သက်ဆိုင်ရာအစိုးရဌာန၊

အဖွဲ့အစည်းများထံမှ တောင်းခံရယူစုစည်းပြီး နှစ်စဉ်ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က လမ်းညွှန်သည့် ကလေးသူငယ်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ (က) အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို လူမှုဝန်ထမ်း ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ခ) အမျိုးသားကော်မတီ၏ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရေးရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

## အခန်း (၄)

## ဒေသဆိုင်ရာကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၊ ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အုပ်ချုပ်ခွင့်ရဒေသ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ၊ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် မြို့နယ် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာကော်မတီများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည်–

(၁) ပုဒ်မခွဲ (က)အရ မိမိတို့ဖွဲ့စည်းထားသော ဒေသဆိုင်ရာကော်မတီအသီးသီးကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

(၂) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေး ရမည်။

(၃) ဒေသဆိုင်ရာကော်မတီများ၏ လုပ်ငန်းတာဝန်များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ ကူညီပံ့ပိုးခြင်း ပြုနိုင်သည်။

၉။ ဒေသဆိုင်ရာကော်မတီအသီးသီးသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီနှင့် ကော်မတီအဆင့်ဆင့်တို့၏ လမ်းညွှန်မှုနှင့် ကြီးကြပ်မှုကိုခံယူ၍ ဆောင်ရွက်ရမည်။

၁၀။ (က) ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်သည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာလုပ်ငန်း တာဝန်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ တစ်ဆင့်မြင့်ရှိ ဒေသဆိုင်ရာ ကော်မတီသို့ အစီရင်ခံစာတင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဆင့်ဆင့်သည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့် အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် အမျိုးသားကော်မတီသို့ အဆင့်ဆင့်တင်ပြရမည်။

## အခန်း (၅)

**လူမှုဝန်ထမ်းအရာရှိနှင့် ကလေးသူငယ်ကြီးကြပ်သူများ ခန့်အပ်တာဝန်ပေးခြင်း**

၁၁။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသောဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ အောက်ဖော်ပြပါ လူမှုဝန်ထမ်းဦးစီးဌာန အဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်၍ လိုအပ်သော လူမှုဝန်ထမ်း အရာရှိများနှင့် ကလေးသူငယ်ကြီးကြပ်သူများကို ခန့်အပ်တာဝန်ပေးနိုင်သည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်း ဦးစီးမှူးရုံးနှင့် ပြည်ထောင်စုနယ်မြေ လူမှု ဝန်ထမ်းဦးစီးမှူးရုံး၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(ဃ) ခရိုင်လူမှုဝန်ထမ်း ဦးစီးမှူးရုံး၊

(င) မြို့နယ်လူမှုဝန်ထမ်း ဦးစီးမှူးရုံး။

၁၂။ ဝန်ကြီးဌာနသည်–

(က) ပုဒ်မ ၁၁ အရ လူမှုဝန်ထမ်းဦးစီးမှူးရုံး အဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခြင်း မပြုနိုင်သေးသော နယ်မြေဒေသများတွင် ဤဥပဒေအရ လူမှုဝန်ထမ်းအရာရှိများနှင့် ကလေးသူငယ်ကြီးကြပ်သူ များ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံ့ဝန်ထမ်းကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် နိုင်ငံသားကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် နိုင်ငံသားကို သတ်မှတ် ထားသော စရိတ်ချီးမြှင့်ငွေထောက်ပံ့ပေးရမည်။

(ခ) ပုဒ်မခွဲ (က)အရ တာဝန်ပေးအပ်လိုသည့် အခြားဌာနများမှ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၆)

## သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၁၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အောက်ဖော်ပြပါ သင်တန်း ကျောင်းများ၊ ယာယီစောင့်ရှောက်ရေးဂေဟာများကို တည်ထောင်ရမည်–

(က) ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တတို့အပါအဝင် ကလေးသူငယ်တို့၏ အကျိုးအလို့ငှာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်းကျောင်းများ၊

(ခ) ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုမစတင်မီနှင့် စတင်စစ်ဆေးနေသည့်ကာလအတွင်းဖြစ်စေ၊ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ် အရ

ဆုံးဖြတ်ချက်မချမှတ်မီကာလအတွင်းဖြစ်စေ၊ ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေသည့် ကာလအတွင်းဖြစ်စေ ယာယီအုပ်ထိန်းရန်နှင့် ပြုစုစောင့်ရှောက်ရန် လိုအပ်သော ယာယီစောင့်ရှောက်ရေး ဂေဟာများ။

၁၄။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေး ဂေဟာကို တည်ထောင်ဖွင့်လှစ်ထားလျှင်ဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ အသိအမှတ်ပြု လက်မှတ်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည်–

(၁) ပုဒ်မခွဲ (က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး ကိုက်ညီပါက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ကိုက်ညီမှုမရှိပါက လိုအပ်သည်များကို ပြုပြင်စေပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း ပြုရမည်။

(၂) ပုဒ်မခွဲငယ် (၁)အရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသည့်အခါ စည်းကမ်းချက်များ သတ်မှတ် ပေးရမည်။ အကယ်၍ အဆိုပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအလို့ငှာ အသိအမှတ်ပြုလက်မှတ်ကို ဆက်လက်၍ ထုတ်ပေး သင့် မသင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(၃) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသော ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေး ဂေဟာကို သင့်လျော်သည့် နည်းပညာကျွမ်းကျင်မှုအကူအညီ ဖြည့်ဆည်းပေးရမည်။

၁၅။ (က) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့ အစည်းကဖြစ်စေ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ် လိုလျှင် တည်ထောင်ခွင့်ပြုမိန့်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက

တည်ထောင်ခွင့်ပြုမိန့်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား တည်ထောင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။ ငြင်းပယ်ခြင်းပြုပါက ကျိုးကြောင်းဖော်ပြ၍ လျှောက်ထားသူထံစာဖြင့် အကြောင်းပြန်ကြားရမည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလာခြင်းအပေါ် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ပရဟိတဂေဟာနှင့် ယာယီ စောင့်ရှောက်ရေးဂေဟာများအား–

(က) လိုအပ်သော လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်း၊ သင့်လျော်သည့်ကျွမ်းကျင်မှု ဖြည့်ဆည်းပေးခြင်းနှင့် ပံ့ပိုးမှုပေးခြင်းများ ပြုရမည်။

(ခ) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိကို သင့်လျော်သော လူမှုဝန်ထမ်း အရာရှိကို ဖြစ်စေ၊ ကလေးသူငယ်ကြီးကြပ်သူကိုဖြစ်စေ၊ ယင်းပုဂ္ဂိုလ်များကို အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ စုံစမ်း စစ်ဆေးစေပြီး စစ်ဆေးတွေ့ရှိချက်ကို တင်ပြစေနိုင်သည်။

၁၇။ လူမှုဝန်ထမ်းဦးစီးဌာနသည် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို တည်ထောင်ခွင့်ပြုမိန့် ရရှိသူက ဖောက်ဖျက်ကြောင်းတွေ့ရှိရလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) တည်ထောင်ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

## အခန်း (၇)

## ကလေးသူငယ်၏အခွင့်အရေးများ

၁၈။ ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှု ရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင်

ပါဝင်ဆက်ဆံခွင့်ရရှိစေရေးတို့အတွက် အခွင့်အရေးများရှိကြောင်း နိုင်ငံတော်က အသိအမှတ်ပြုသည်။

၁၉။ ကလေးသူငယ်တိုင်းသည်–

(က) အသက်ရှင်သန်ရန် မွေးရာပါ အခွင့်အရေးများရှိသည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ ခံစားခွင့်ရှိသည်။

(ဂ) မိဘနှစ်ပါး သို့မဟုတ် တစ်ပါးပါးအသက်ရှင်လျက်ရှိပါက ယင်းတို့နှင့်အတူ နေထိုင်ကြီးပြင်းရန် အခွင့်အရေးရှိသည်။

(ဃ) မည်သည့်အကြောင်းနှင့်မျှ ခွဲခြားဆက်ဆံခြင်းမခံရစေရ။

(င) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။

(စ) ကိုးကွယ်သည့်ဘာသာ၊ သာသနာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ဆ) ဥပဒေအရ ခွင့်ပြုထားသော ကလေးသူငယ်ဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ၊ လူမှုရေး သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရှိသည်။

(ဇ) ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) မိမိတို့၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည့် စာပေများဖတ်ရှုနိုင်ခွင့်၊ ဗဟုသုတ များ လေ့လာဆည်းပူးနိုင်ခွင့်၊ သတင်းများရယူနိုင်ခွင့် ရှိသည်။

(ည) အားလပ်ချိန်နှင့် ကစားချိန်များ ရပိုင်ခွင့်ရှိပြီး အသက်အရွယ်အလိုက် အားကစားလှုပ်ရှားမှုများ တွင် ပါဝင်ဆင်နွှဲခွင့်ရှိသည်။

(ဋ) ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိသည်။

(ဌ) ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ရှိပြီး ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာအတွက် ဥပဒေအရ အကာအကွယ်ရထိုက်ခွင့် ရှိသည်။

(ဍ) ကလေးသူငယ်တိုင်း၏ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို အကြောင်းမဲ့ ထိပါးခြင်း မခံရစေရန် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်ရှိသည်။

(ဎ) ပုဒ်မခွဲ (က) မှ (ဍ) အထိပါ အခွင့်အရေးများအပြင် ဤဥပဒေပါ ကလေးသူငယ်၏ အခြားအခွင့် အရေးများကို တန်းတူညီမျှစွာ ရရှိခံစားခွင့်ရှိသည်။

၂၀။ ကလေးသူငယ်၏ အခွင့်အရေးတစ်ရပ်ရပ် ဆုံးရှုံးနစ်နာခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူ ကလေးသူငယ် ကိုယ်တိုင်ကဖြစ်စေ၊ ကလေးသူငယ်၏ကိုယ်စား မိဘ၊ အုပ်ထိန်းသူကဖြစ်စေ၊ နှီးစပ်ရာပုဂ္ဂိုလ်တစ်ဦးဦး ကဖြစ်စေ သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း သို့မဟုတ် တရားရုံးသို့လည်းကောင်း တင်ပြတိုင်တန်းခွင့်ရှိသည်။

၂၁။ မွေးဖွားသည့် ကလေးသူငယ်အား မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍-

(က) နိုင်ငံတော်အတွင်း မွေးဖွားသည့် ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ မွေးဖွားခြင်းကို အခမဲ့မှတ်ပုံတင်ခွင့်ရှိသည်။

(ခ) ဆေးရုံ သို့မဟုတ် သားဖွားခန်း၌ ကလေးမွေးဖွားပြီးလျှင်ဖြစ်စေ၊ အခြားနေရာတစ်ခုခုတွင် မွေးဖွားပြီးလျှင်ဖြစ်စေ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် သင့်လျော်သူ တစ်ဦးဦးသည် သတ်မှတ်ချက်များ နှင့်အညီ သက်ဆိုင်ရာအစိုးရဌာနသို့ မွေးဖွားခြင်းကို မှတ်ပုံတင်ရန် အကြောင်းကြားရမည်။

(ဂ) သက်ဆိုင်ရာ အစိုးရဌာနသည် မွေးဖွားသည့် ကလေးသူငယ်နှင့် ကလေးမွေးဖွားခြင်းမှတ်ပုံတင် စာအုပ်တွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ ကလေးမွေးဖွားခြင်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဃ) ကလေးမွေးဖွားခြင်းကို မှတ်ပုံတင်ထားခဲ့ခြင်း မရှိသည့်ကိစ္စတွင် ကလေးမွေးဖွားခဲ့ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာဆေးရုံ သို့မဟုတ် သားဖွားခန်း၏ တာဝန်ခံပုဂ္ဂိုလ်က ထုတ်ပေးသည့်မွေးစာရင်း သက်သေခံ လက်မှတ်ပူးတွဲ၍ဖြစ်စေ ကလေးမွေးဖွားကြောင်း ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် သင့်လျော်သူတစ်ဦးဦးက သက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြားပြီး မွေးဖွားမှုမှတ်ပုံတင်ရမည်။ ထိုကလေးမွေးဖွားကြောင်း မှတ်ပုံတင်ခြင်းသည် ကလေးသူငယ်၏အသက်အတွက် သက်သေအထောက် အထားဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ မွေးဖွားကြောင်း မှတ်ပုံတင်သည့် ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည်။

၂၃။ အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်သည် ၁၈ နှစ်ပြည့်ပြီး ဖြစ်ရမည်။

၂၄။ ဤဥပဒေပါ အခွင့်အရေးများကို ကလေးသူငယ်တိုင်း အပြည့်အဝရရှိခံစားနိုင်စေရန်–

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ရမည်။

(ခ) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၊ လူမှုရေးအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

## အခန်း (၈)

## ကလေးသူငယ်ကိုမွေးစားခြင်း

၂၅။ မြန်မာနိုင်ငံသားတစ်ဦးဦးသည် ကလေးသူငယ်ကို မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက ကလေးသူငယ်အား သတ်မှတ်ချက်များနှင့်အညီ မွေးစားပိုင်ခွင့်ရှိသည်။

၂၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဤဥပဒေအရ မွေးစားခြင်းကို မှတ်ပုံတင်ရန် သက်ဆိုင်ရာမွေးစား ခြင်း မှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိကို တာဝန်ပေးနိုင်သည်။

၂၇။ (က) မြန်မာနိုင်ငံသားတစ်ဦးဦးသည် အောက်ဖော်ပြပါ ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစား ခွင့်ပြုရန် သက်ဆိုင်ရာမွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်–

(၁) မိဘမဲ့ကလေးသူငယ်၊

(၂) မိဘကပြုစုစောင့်ရှောက်နိုင်ခြင်းမရှိသော ကလေးသူငယ် သို့မဟုတ် မိဘက ပြုစုစောင့်ရှောက် သော်လည်း ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသဖြင့် မိဘ၏ သဘောတူညီချက်ရရှိသော ကလေးသူငယ်၊

(၃) မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့် အမြဲတမ်း ကွဲကွာနေသည့်အပြင် ဆွေမျိုးသားချင်းကလည်း ပြုစုစောင့်ရှောက်နိုင်ခြင်းမရှိသော ကလေးသူငယ်၊

(၄) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော အခြားကလေးသူငယ်။

(ခ) ကလေးသူငယ်ကိုမွေးစားလိုသူသည် မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံတွင် မှတ်ပုံတင်၍ မွေးစားခြင်းမပြုဘဲ သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တည်ဆဲကိတ္တိမ မွေးစားခြင်းမှတ်ပုံတင် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားနိုင်သည်။

(ဂ) သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသည် ပုဒ်မခွဲ (ခ) အရ ကလေးသူငယ် မွေးစားစာချုပ် ကို မှတ်ပုံတင်သည့်အခါ ဤဥပဒေအရ မွေးစားသားသမီးများ၏ အခွင့်အရေးများ ခံစားနိုင်စေရန် အလို့ငှာ မွေးစားစာချုပ် မှတ်ပုံတင်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ၎င်းစာချုပ် မိတ္တူနှင့်အတူ သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံသို့ ပေးပို့အကြောင်းကြားရမည်။

၂၈။ သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိသည်–

(က) ပုဒ်မ ၂၇ အရ မွေးစားခွင့်ပြုရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက မွေးစားခွင့်ပြုသူနှင့် မွေးစားလိုသူအား သတ်မှတ်ချက်များနှင့်အညီ မွေးစားစာချုပ် ချုပ်ဆိုစေပြီး မွေးစားခြင်းကို သက်ဆိုင်ရာ လူမှုဝန်ထမ်း ဦးစီးမှူးရုံးတွင် မှတ်ပုံတင်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်၍ မွေးစားသည့် စာရင်းကိုလည်းကောင်း၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးက ပေးပို့လာသော မွေးစားသည့် စာရင်းကိုလည်းကောင်း မွေးစားစာချုပ် မိတ္တူများပူးတွဲ၍ လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။

၂၉။ တည်ဆဲကိတ္တိမမွေးစားခြင်းမှတ်ပုံတင် အက်ဥပဒေအရ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်ဖြစ်စေ၊ ဤအခန်းပါ ပြဋ္ဌာန်းချက်အရ

မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံတွင်ဖြစ်စေ ကလေးသူငယ်မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားသည့် မွေးစားမိဘသည်–

(က) မွေးစားသည့် ကလေးသူငယ်နှင့်စပ်လျဉ်း၍ ပြုစုစောင့်ရှောက်မှုအခြေအနေနှင့် ထိုကလေး သူငယ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံသို့ အစီရင်ခံရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်သော တာဝန်နှင့်စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) မွေးစားခံရသည့် ကလေးသူငယ်အား မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးနှင့် ပူးပေါင်း၍သော်လည်းကောင်း ပြည်ပသို့ခိုးထုတ်ခြင်း၊ ရောင်းဝယ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခြင်း မပြုလုပ်ရ။

၃၀။ သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိသည် မွေးစားစာချုပ်ကို မှတ်ပုံတင်ပြီး နောက် မွေးစားမိဘက မွေးစားခြင်းဆိုင်ရာ တာဝန်နှင့် စည်းကမ်းချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း ရှိ မရှိ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းခြင်း၊ စောင့်ကြည့်ခြင်း၊ လိုအပ်ပါက စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီး သတ်မှတ်ထားသော တာဝန်နှင့် စည်းကမ်းချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက မွေးစားခြင်းကို ပယ်ဖျက် သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။

၃၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၃၀ အရ တင်ပြချက်ကို စိစစ်ပြီး မွေးစားခြင်းကို ပယ်ဖျက်သည့် အမိန့် သို့မဟုတ် အခြားသင့်လျော်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်နိုင်သည်။

၃၂။ (က) မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိက မွေးစားခြင်းကို မှတ်ပုံတင်ပြီးသည့်အခါ မွေးစားခြင်းမပြုမီက မွေးစားခံရသည့် ကလေးသူငယ်၏ မိဘများနှင့် အုပ်ထိန်းသူများတွင် ရှိခဲ့သော အခွင့်အရေးများနှင့် တာဝန်များကို ရပ်ဆိုင်းပြီး မွေးစားမိဘထံ လွှဲပြောင်းပေးပြီးဖြစ်သည်ဟု မှတ်ယူ ရမည်။

(ခ) မွေးစားခံရသည့် ကလေးသူငယ်တစ်ဦးသည် မွေးစားမိဘနှင့် သက်ဆိုင်သည့် ဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မွေးစားမိဘ၏ အမွေဆက်ခံရန် အခွင့်အရေးနှင့် အခြားအခွင့်အရေး များရရှိစေရမည်။

## အခန်း (၉)

## အခြားနည်းဖြင့်ပြုစုစောင့်ရှောက်ခြင်း

၃၃။ လူမှုဝန်ထမ်းဦးစီးဌာနသည်–

(က) အခြေအနေတစ်ရပ်ရပ်ကြောင့် မိရင်းဖရင်း ပြုစုစောင့်ရှောက်မှု ဆုံးရှုံးသွားသော သို့မဟုတ် မရရှိသော ကလေးသူငယ်များအား မိရင်းဖရင်းကိုယ်စား ဆွေမျိုးသားချင်းများက ပြုစုစောင့်ရှောက် ခြင်း၊ မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်ခြင်း၊ သင်တန်းကျောင်းအခြေပြု ပြုစုစောင့်ရှောက်ခြင်း၊ ယာယီစောင့်ရှောက်ရေးဂေဟာတွင် ပြုစုစောင့်ရှောက်ခြင်းစသည့်နည်းလမ်းများ အပါအဝင် အခြားနည်း ဖြင့် ပြုစုစောင့်ရှောက်ခြင်းပြုနိုင်ရေးကို ဦးစားပေးကာ အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) အဆိုပါ ကလေးသူငယ်များအား မိသားစုပတ်ဝန်းကျင်မှ အမြဲတမ်းဖယ်ရှားခြင်းသည် ကလေး သူငယ်၏ အကောင်းဆုံးအကျိုးစီးပွား ဖြစ်ထွန်းစေသည့်အခါမှတစ်ပါး ယင်းသို့ ဖယ်ရှားခြင်းမှာ ယာယီ သာလျှင်ဖြစ်စေပြီး အတိုတောင်းဆုံးသော အချိန်ကာလအတွက်သာ ဖြစ်စေရမည်။

(ဂ) မိသားစုပတ်ဝန်းကျင်မှ ပြုစုစောင့်ရှောက်မှု ဆုံးရှုံးသွားသော ကလေးသူငယ်များအား သင်တန်း ကျောင်းအခြေပြု ပြုစုစောင့်ရှောက်ခြင်းနှင့် ယာယီစောင့်ရှောက်ရေးဂေဟာတွင် ပြုစုစောင့်ရှောက် ခြင်းကို နောက်ဆုံးနည်းလမ်းအနေဖြင့်သာ ကျင့်သုံးရမည်။

(ဃ) သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများတွင် ကလေး သူငယ် ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ပြုစုစောင့်ရှောက်မှုစံနှုန်းများ သတ်မှတ်ပေးရမည်။

(င) အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း အစီအစဉ်အရ ကလေးသူငယ်များအား သင့်လျော်သည့် စောင့်ရှောက်မှုအတွက်

နေရာချထားပေးခြင်းကို တာဝန်ယူဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ညှိနှိုင်းပါဝင်ဆောင်ရွက်စေနိုင်သည်။

(စ) အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းအစီအစဉ်အရ ကလေးသူငယ်အား သင့်လျော်သည့် စောင့်ရှောက်မှုအတွက် နေရာချထားခြင်းကို ပုံမှန်ပြန်လည် သုံးသပ်ပြီး မိသားစုထံ ပြန်လည်အပ်နှံ နိုင်မည့် ဖြစ်နိုင်ခြေကို အကဲဖြတ်သုံးသပ်ရမည်။

## အခန်း (၁၀)

## အုပ်ထိန်းခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

၃၄။ အုပ်ထိန်းသူများအပါအဝင် မိဘများသည် ကလေးသူငယ်ကို အုပ်ထိန်းခြင်းနှင့် ပြုစုစောင့်ရှောက် ခြင်းပြုရာတွင်လည်းကောင်း၊ ကလေးသူငယ်က ပိုင်ဆိုင်သောပစ္စည်းများအား စီမံခန့်ခွဲရာတွင် လည်းကောင်း ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများနှင့် ကလေးသူငယ်၏ အသက်အရွယ် နှင့် ရင့်ကျက်မှုအရ သဘောတူညီချက်ကို အလေးထား ထည့်သွင်းစဉ်းစားရမည်။

၃၅။ မိဘနှစ်ပါးသည်–

(က) ကလေးသူငယ်၏ မူလအုပ်ထိန်းသူများ ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) သဘာဝအားဖြင့် ကလေးသူငယ်ကို ကြီးပြင်းလာအောင် ကျွေးမွေးပြုစုစောင့်ရှောက်ရန် တာဝန် နှင့် ကလေးသူငယ်က ပိုင်ဆိုင်သော ပစ္စည်းများအား စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၃၆။ မိဘနှစ်ဦးကွဲကွာနေပါက–

(က) ကလေးသူငယ်နှင့် အတူနေထိုင်ပြီး စဉ်ဆက်မပြတ် ဆက်ဆံရေးရှိသော မိခင် သို့မဟုတ် ဖခင်သည် တစ်ဦးတည်းဖြစ်စေ၊ မိဘနှစ်ဦးလုံးက မျှဝေ၍ဖြစ်စေ ကလေးသူငယ်ကို ထိန်းသိမ်းစောင့်ရှောက်ခွင့် ရှိစေရမည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို အဓိကထည့်သွင်းစဉ်းစားလျက် မိဘတစ်ဦးစီ ဖြစ်စေ၊ မိဘနှစ်ဦးလုံးဖြစ်စေ ကလေးသူငယ်ကို ကြီးပြင်းလာအောင် ကျွေးမွေးပြုစု စောင့်ရှောက်ရန်

တာဝန်နှင့် ကလေးသူငယ်က ပိုင်ဆိုင်သော ပစ္စည်းများကို စီမံခန့်ခွဲပိုင်ခွင့် ရှိစေရမည်။

၃၇။ ကလေးသူငယ်နှင့် စဉ်ဆက်မပြတ် ဆက်ဆံရေးရှိသော မိဘတစ်ဦးဦး သေဆုံးလျှင် အသက်ရှင် ကျန်ရစ်သော မိခင် သို့မဟုတ် ဖခင်သည် မိဘ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ဆက်လက်ကျင့်သုံးရမည်။

၃၈။ ကလေးသူငယ်ကို အုပ်ထိန်းလိုသော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးသည် အုပ်ထိန်းသူအဖြစ် ခန့်အပ် တာဝန်ပေးသည့် စီရင်ချက်နှင့် ဒီကရီချမှတ်ပေးရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်သည်-

(က) မိဘများကွဲကွာခြင်း သို့မဟုတ် ကွာရှင်းခြင်း ဖြစ်ပွားပြီးနောက် ကလေးသူငယ်ကို အုပ်ထိန်းလို သူ၊

(ခ) လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ် ကို ကြီးပြင်းလာအောင် ကျွေးမွေးပြုစုစောင့်ရှောက်ရေးနှင့် ကလေးသူငယ်က ပိုင်ဆိုင်သော ပစ္စည်းများ ကို စီမံခန့်ခွဲရေးအတွက် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားဖြစ်ထွန်းမှုကို လိုလားသော ကလေးသူငယ်အား အုပ်ထိန်းလိုသူ။

၃၉။ သက်ဆိုင်ရာတရားရုံးသည်-

(က) ပုဒ်မ ၃၈ အရ လျှောက်ထားချက်ကို စိစစ်ပြီး ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားကို အဓိကထည့်သွင်းစဉ်းစားလျက် မိဘတစ်ဦးဦးကိုဖြစ်စေ၊ ဘိုးဘွားတစ်ဦးဦးကိုဖြစ်စေ၊ သွေးရင်းဆွေမျိုး တစ်ဦးဦးကိုဖြစ်စေ အုပ်ထိန်းသူအဖြစ်လည်းကောင်း၊ ယင်းတို့ တစ်ဦးဦးမရှိသည့်အခါ သင့်လျော်သော အခြားပုဂ္ဂိုလ်တစ်ဦးဦးကို အုပ်ထိန်းသူအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးသည့် စီရင်ချက်နှင့် ဒီကရီ ချမှတ်ပေးနိုင်သည်။

(ခ) ကလေးသူငယ်၏ အသက်အရွယ်နှင့် ရင့်ကျက်မှုကို တည်မှီပြီး ကလေးသူငယ်နှင့် စပ်လျဉ်းသည့် အုပ်ထိန်းမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုတို့အတွက် စီရင်ချက်နှင့် ဒီကရီချမှတ်ရာတွင် ထိုကလေး သူငယ်၏ ဆန္ဒသဘောထားကို ရယူရမည်။

၄၀။ သက်ဆိုင်ရာတရားရုံးက မိဘမဟုတ်သူအား အုပ်ထိန်းသူအဖြစ် ခန့်အပ်တာဝန်ပေးပြီးနောက် ကလေးသူငယ်၏

အကောင်းဆုံးအကျိုးစီးပွားအတွက် ခွဲခွာနေထိုင်ရန် လိုအပ်သည့်အခါမှတစ်ပါး ကလေးသူငယ်တိုင်းသည် မိဘ၊ ဘိုးဘွားတို့နှင့် တွေ့ဆုံခွင့်ရှိစေရမည်။

## အခန်း (၁၁)

## စရိတ်ထောက်ပံ့ခြင်း

၄၁။ ကလေးသူငယ်၏ မိဘသည် ကလေးသူငယ်ကို ကျွေးမွေးပြုစုရန်နှင့် ကလေးသူငယ်၏ အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးရန် တာဝန်ရှိစေရမည်။

၄၂။ (က) ဖခင်တိုင်းသည် လင်မယားကွာရှင်းသည်ဖြစ်စေ၊ မကွာရှင်းသည်ဖြစ်စေ မိမိ၏သားသမီးတိုင်း ကို စရိတ်ထောက်ပံ့ရန် တာဝန်ရှိစေရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကလေးသူငယ်အား စရိတ်ထောက်ပံ့ရန် တာဝန်ရှိသည့် ဖခင်က လုံလောက်သော အကြောင်းမရှိဘဲ ကလေးသူငယ်အား စရိတ်ထောက်ပံ့ရန် ပျက်ကွက်ပါက ကလေးသူငယ်ကိုယ်စား မိခင် သို့မဟုတ် အုပ်ထိန်းသူက စရိတ်ထောက်ပံ့ရန် ပျက်ကွက်သည့် ဖခင်အပေါ် သက်ဆိုင်ရာ တရားရုံးတွင် စရိတ်ထောက်ပံ့ရန် လျှောက်ထားစွဲဆိုနိုင်သည်။

၄၃။ သက်ဆိုင်ရာတရားရုံးသည်-

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ ကလေးသူငယ် စရိတ်ထောက်ပံ့ရန် လျှောက်ထားမှုတွင် လျှောက်ထား ခံရသော ဖခင်ကစရိတ်ထောက်ပံ့ရန် လုံလောက်သောအကြောင်းမရှိဘဲ ပျက်ကွက်ကြောင်း တွေ့ရှိပါက ကလေးသူငယ်တစ်ဦးလျှင် လစဉ်ကျပ် ၅၀၀၀၀ ထက် မပိုသော စရိတ်ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သည့်စရိတ်ကို လျှောက်ထားခံရသူက ပေးဆောင်ရန် ပျက်ကွက်လျှင် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဒဏ်ငွေမဆောင်ပျက်ကွက်သကဲ့သို့မှတ်ယူ၍ ဒဏ်ငွေအရကောက်ခံခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောက်ခံပြီးရရှိသည့်ငွေကို ချမှတ်ထားသည့်စရိတ်အတွက် လျှောက်ထားသူအား ပေးရမည်။

## အခန်း (၁၂)

## ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ

၄၄။ ကလေးသူငယ်တိုင်းသည်-

(က) ခွဲခြားဆက်ဆံခြင်းမရှိစေဘဲကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ ရရှိစေရမည်။

(ခ) နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု ကို ခံယူခွင့်ရှိသည်။

(ဂ) ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစံသတ်မှတ်ချက်များနှင့် ကိုက်ညီစွာ ခံစားခွင့် ရရှိစေရမည်။

၄၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည်–

(က) ကလေးသူငယ်များ ကျန်းမာရေးဆိုင်ရာ အခွင့်အရေး ထိရောက်စွာခံစားခွင့်ရရှိစေရန် လိုအပ်သော နိုင်ငံတော်၏ အထောက်အပံ့နှင့် အရင်းအမြစ်များ ခွဲဝေချထားပေးရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

(ခ) မွေးကင်းစကလေးများအပါအဝင် ကလေးသူငယ်တိုင်း ကျန်းမာဖွံ့ဖြိုးရေးအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများအား စီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

(ဂ) ကလေးသူငယ်၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော အစားအသောက်၊ အသုံးအဆောင် နှင့် ဆေးဝါးများအပါအဝင် ရပ်ရွာလူမှုအလေ့အထများကို ဆန်းစစ်၍ သင့်လျော်သော အစီအမံများ ချမှတ် ဆောင်ရွက်ရမည်။

## အခန်း (၁၃)

## ပညာရေးဆိုင်ရာ အခွင့်အရေးများ

၄၆။ ကလေးသူငယ်တိုင်းသည်–

(က) ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ ပညာသင်ယူမှုဆိုင်ရာ အခွင့်အရေးများ ရရှိစေရမည်။

(ခ) နိုင်ငံတော်က ဖွင့်လှစ်ထားသော အခြေခံပညာကျောင်းများတွင် အမျိုးသားပညာရေးဥပဒေနှင့် အညီ အခမဲ့ပညာသင်ယူခွင့်ရှိသည်။

(ဂ) တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများ ဖွံ့ဖြိုးရေး အတွက် သင်ယူစောင့်ထိန်းခွင့်ရှိသည်။

၄၇။ ပညာရေးဝန်ကြီးဌာနသည်–

(က) ကလေးသူငယ်များ ပညာသင်ယူမှုဆိုင်ရာအခွင့်အရေး ထိရောက်စွာ ခံစားခွင့်ရရှိစေရန် လိုအပ် သော နိုင်ငံတော်၏ အထောက်အပံ့နှင့် အရင်းအမြစ်များ ခွဲဝေချထားပေးရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်က ဖွင့်လှစ်ထားသော အခြေခံပညာကျောင်းများတွင် သတ်မှတ်ထားသော အဆင့်အထိ အခမဲ့ပညာသင်ယူခွင့်ရှိစေရန် ဦးတည်ဖော်ဆောင်ရမည်။

(ဂ) ကလေးသူငယ်များကို ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိနိုင်စေရန် ကျောင်းအပ်နှံရေး၊ ကျောင်းမှန်မှန်တက်ရေး၊ ကျောင်းထွက်နှုန်း ကျဆင်းရေးတို့အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်က ဖွင့်လှစ်သောကျောင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သော ကလေးသူငယ်များနှင့် ပညာသင်ယူနိုင်ခြင်းမရှိသော ကလေးသူငယ်များ ပညာသင်ယူခွင့်ရရှိရေး အတွက် ကျောင်းပြင်ပပညာရေးအပါအဝင် အခြားသောလက်တွေ့အသုံးချနိုင်သည့် အသက်မွေး ဝမ်းကျောင်းပညာသင်ကြားရေးဆိုင်ရာ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(င) တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများ ဖွံ့ဖြိုး စေရန် သင်တန်းများဖွင့်လှစ်သင်ကြားရေးအတွက် ကူညီဆောင်ရွက်ရမည်။

## အခန်း (၁၄)

## ကလေးသူငယ်များ အလုပ်လုပ်ကိုင်ခြင်းနှင့် အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း

၄၈။ (က) မည်သည့် ကလေးသူငယ်ကိုမျှ အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း သို့မဟုတ် အလုပ်လုပ်ကိုင်ခွင့်ပြုခြင်းမပြုရ။

(ခ) အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် ကလေးသူငယ်၏ အသက်သည် ၁၄ နှစ်အောက်မငယ်စေရ။ အကယ်၍ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်အရ အခမဲ့မသင်မနေရ ပညာရေးစနစ်အတွက် သတ်မှတ်ထားသော အသက်သည် ၁၄ နှစ်ထက်ပိုပါက ကျောင်းနေသော ကလေးသူငယ်များ၏

အလုပ်လုပ်ကိုင်နိုင်သည့် အသက်သည် ထိုသို့ ပို၍ သတ်မှတ်ထားသော အသက်ထက်မငယ်စေရ။

(ဂ) ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော အသက်ထက်ပို၍ကြီးသည့် ကလေးသူငယ်သည် ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာအလုပ်ကို လုပ်ကိုင်နိုင်စွမ်းရှိပါက တည်ဆဲအလုပ်သမား ရေးရာ ဥပဒေများနှင့်အညီ အလုပ်လုပ်ကိုင်ခွင့်ရှိသည်။

၄၉။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည်−

(က) ဘေးအန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းအမျိုးအစားများ၊ လုပ်ငန်းခွင်များကို သက်ဆိုင်ရာ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး သတ်မှတ်ထားရမည်။

(ခ) ဤဥပဒေနှင့်အညီ ကလေးသူငယ်များ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ အလုပ်လုပ်ကိုင်သော ကလေး သူငယ်များအား ကာယိန္ဒြေပျက်ပြားစေမည့် အပြုအမူ၊ အပြောအဆိုအပါအဝင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ရပိုင်ခွင့်များထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် ကာကွယ် စောင့်ရှောက်ရေး တို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး စီမံဆောင်ရွက်ရမည်။

## အခန်း (၁၅)

## မသန်စွမ်းကလေးသူငယ်များ

၅၀။ မသန်စွမ်းကလေးသူငယ်များသည်−

(က) မွေးရာပါ အသက်ရှင်သန်ခွင့်ရှိပြီး ကလေးသူငယ်အခွင့်အရေး၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့်အပါအဝင် အခြေခံလွတ်လပ်ခွင့်များကို အခြားသန်စွမ်းသူ ကလေးသူငယ်များနည်းတူ ခံစားခွင့်ရှိသည်။

(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ အခွင့်အရေးများအပြင် သန်စွမ်းသူကလေးများနှင့် တန်းတူခံစားခွင့်ရှိသည်။

(ဂ) ကိုယ်တိုင်ဆုံးဖြတ်သုံးသပ်နိုင်စွမ်းမရှိသည့် ဉာဏ်ရည်ဆိုင်ရာ မသန်စွမ်းကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် တည်ဆဲဥပဒေနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက ကိုယ်စား စီစဉ်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) နိုင်ငံထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုအမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ်ရထိုက်ခွင့် ရှိသည်။

၅၁။ မသန်စွမ်းကလေး သူငယ်တိုင်းသည်−

(က) ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုများ အပါအဝင် ပညာသင်ယူမှုဆိုင်ရာ အခွင့်အလမ်းများ ရရှိစေရမည်။

(ခ) မိမိတို့နေထိုင်ရာ ရပ်ရွာ သို့မဟုတ် အနီးစပ်ဆုံးဒေသရှိ နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အခမဲ့ပညာသင်ယူခွင့်ရှိသည့် အဆင့် အထိ အခြားသူများနည်းတူ သင်ယူခွင့်ရှိသည်။

၅၂။ ပညာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍−

(က) အခြေခံပညာအဆင့်မှ တက္ကသိုလ်ပညာအဆင့်အထိ မသန်စွမ်းကလေးသူငယ်များ ပညာ သင်ယူရာတွင် လိုအပ်သော သင်ရိုးညွှန်းတမ်းများ၊ နေရာထိုင်ခင်းများ၊ သွားလာဆက်သွယ်မှုဆိုင်ရာ အထောက်အပံ့များနှင့် သင်ထောက်ကူပစ္စည်းများရရှိရေးအတွက် အစီအစဉ်များ ချမှတ်ပေး ရမည်။

(ခ) လူတိုင်းအကျုံးဝင် ပညာရေးစနစ် သို့မဟုတ် အထူးပညာရေးစနစ်နှင့် ပညာရေးကောလိပ်များ၊ ပညာရေးတက္ကသိုလ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ထည့်သွင်းသင်ကြားရန်လည်း ကောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် သင်ကြားနည်းစနစ်များနှင့် တစ်ဦးကို တစ်ဦးဆက်သွယ်ခြင်း နည်းစနစ်များ သင်ယူနိုင်ရန်လည်းကောင်း ဆောင်ရွက်ရမည်။

၅၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍−

(က) မသန်စွမ်းမှုဖြစ်ခြင်းကို ကာကွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မွေးကင်းစကလေးနှင့် ကလေးသူငယ်များတွင် မသန်စွမ်းမှုဖြစ်ပွားသည့်နှုန်း အနည်းဆုံးဖြစ်စေရန် စီမံချက်များ ရေးဆွဲဆောင်ရွက်ရမည်။

(ဂ) မသန်စွမ်းကလေးသူငယ်များအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို

ကျေးလက်ဒေသများအထိ အခမဲ့ သို့မဟုတ် မသန်စွမ်းသူများ ကျခံနိုင်သော နှုန်းထားဖြင့် ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၅၄။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၀ နှင့် ၅၁ တို့ပါ မသန်စွမ်းကလေးသူငယ်များ၏ အခြေခံအခွင့် အရေးများ ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရရှိနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ တောင်းခံပြီး သီးခြားအစီအမံများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၅၅။ အမျိုးသားကော်မတီသည် မသန်စွမ်းကလေးသူငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ကော်မတီရန်ပုံငွေနှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေများဖြင့် စီမံချက်များရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက် ရမည်။

## အခန်း (၁၆)

## ကလေးသူငယ်အပေါ် အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်း

၅၆။ မည်သူမျှ ကလေးသူငယ်အပေါ် တစ်နည်းနည်းဖြင့် နစ်နာဆုံးရှုံးစေသည့် သို့မဟုတ် ထိခိုက် ဒဏ်ရာရစေသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကို ဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကိုဖြစ်စေ မပြုလုပ်ရ။

၅၇။ ပုဒ်မ ၅၆ ပါ အကြမ်းဖက်ခြင်းခံရသော ကလေးသူငယ်များအပါအဝင် အောက်ဖော်ပြပါ အခြေ အနေတစ်ရပ်ရပ်ကို တွေ့ကြုံခံစားရသော သို့မဟုတ် ပြုလုပ်ခြင်းခံရသော ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရန်လိုသော ကလေးသူငယ်များအဖြစ် သတ်မှတ်သည်-

(က) မိဘ သို့မဟုတ် အုပ်ထိန်းသူမရှိသော ကလေးသူငယ်၊

(ခ) ရက်စက်သော သို့မဟုတ် ယုတ်မာသော မိဘအုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်တွင်ရှိသော ကလေးသူငယ်၊

(ဂ) အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းခံရသည့် ကလေးသူငယ်၊

(ဃ) လမ်းပေါ်နေကလေးသူငယ်၊

(င) တရားရုံးတွင် အမှုရင်ဆိုင်နေရသော ကလေးသူငယ်၊

(စ) လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရသော ကလေးသူငယ်၊

(ဆ) လူကုန်ကူးခံရသော ကလေးသူငယ်၊

(ဇ) ကွာရှင်းထားသည့် သို့မဟုတ် ခွဲခွာနေထိုင်သည့် မိဘများ၏ ကလေးသူငယ်၊

(ဈ) ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ခံစားရသော ကလေးသူငယ် သို့မဟုတ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ခံစားနေရသည့် မိဘများ၏ ကလေးသူငယ်၊

(ည) တောင်းရမ်းစားသောက်နေသော ကလေးသူငယ်၊

(ဋ) မူးယစ်ဆေးဝါးများ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းပြုရာတွင် အသုံးချခံရသော ကလေးသူငယ်၊

(ဌ) စိတ်ပေါ့သွပ်နေသော သို့မဟုတ် ကူးစက်တတ်သည့် ရောဂါစွဲကပ်နေသော ကလေးသူငယ်၊

(ဍ) မိဘ သို့မဟုတ် အုပ်ထိန်းသူက ထိန်းသိမ်း၍ မရနိုင်လောက်အောင် ဆိုးသွမ်းနေသော ကလေးသူငယ်၊

(ဎ) သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့်ဖြစ်စေ ထိခိုက် ခံစားရသော ကလေးသူငယ်၊

(ဏ) ချို့တဲ့နွမ်းပါးသည့် မသန်စွမ်းကလေးသူငယ်၊

(တ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော ကလေးသူငယ်။

၅၈။ (က) မည်သူမဆို ပုဒ်မ ၅၇ ပါ ကလေးသူငယ် တစ်ဦးဦးအား ကာကွယ်စောင့်ရှောက်မှုပြု သင့်သည်ဟု ထင်မြင်ယူဆလျှင် သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိထံ အကျိုးအကြောင်း ဖော်ပြ၍ အကြောင်းကြားနိုင်သည်။

(ခ) လူမှုဝန်ထမ်းအရာရှိသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့် သတင်းရရှိလျှင်ဖြစ်စေ ကလေးသူငယ်အား ကာကွယ်စောင့်ရှောက် မှုပြုရန် လိုအပ်ခြင်း ရှိ မရှိ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်များကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြရမည်။ ထို့အပြင် ကလေးသူငယ်အား မိဘအုပ်ထိန်းသူထံဖြစ်စေ၊ သင်တန်းကျောင်း၊ ပရဟိတဂေဟာ သို့မဟုတ် ယာယီ စောင့်ရှောက်ရေးဂေဟာသို့ဖြစ်စေ အပ်နှံထားရန် ညွှန်ကြားနိုင်သည်။

(ဂ) လူမှုဝန်ထမ်းအရာရှိသည် မိမိ၏ စုံစမ်းစစ်ဆေးမှုပြုနေစဉ်အတွင်း ကလေးသူငယ်အပေါ် တစ်ဦး တစ်ယောက်သောသူက ပြစ်မှုကျူးလွန်ခဲ့ကြောင်း တွေ့ရှိရလျှင် သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားရမည်။

၅၉။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသဖြင့် သင်တန်းကျောင်း၊ ပရဟိတဂေဟာ သို့မဟုတ် ယာယီ စောင့်ရှောက်ရေးဂေဟာတွင် ယာယီထိန်းသိမ်းစောင့်ရှောက်ထားသော ကလေးသူငယ်အား ဆေးဝါး ကုသမှုခံယူရန် လိုအပ်နေသည်ဟု ထင်မြင်ယူဆပါက ရဲအရာရှိ သို့မဟုတ် လူမှုဝန်ထမ်းအရာရှိသည် နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ဆေးဝါးကုသမှုခံယူရန် ပို့ဆောင်ရမည်။

## အခန်း (၁၇)

## ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခ

၆၀။ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်နစ်နာသော ကလေးသူငယ်များ၏ အခွင့်အရေးများကို အလေးဂရုပြုရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖြည့်ဆည်းပေးရေးတို့အတွက် သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများသည်–

(က) နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း ကလေးသူငယ်အပေါ် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ လျစ်လျူရှုခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းမပြုစေရန် တားဆီးရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် ဖြစ်နိုင်သော အစီအမံများကို ချမှတ် ဆောင်ရွက်ရမည်။

(ခ) လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်သော၊ လက်နက်ကိုင်ပဋိပက္ခကြောင့်ထိခိုက်နစ်နာ သော သို့မဟုတ် နေရပ်စွန့်ခွာရသော ကလေးသူငယ်များအားလုံးကို ဒုက္ခခံစားရသူများအဖြစ် သတ်မှတ်၍ ယင်းကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို အရေးကြီးကိစ္စအဖြစ် စီမံ ဆောင်ရွက်ရမည်။

(ဂ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်းရှိ အသက် ၁၈ နှစ် မပြည့်သေးသူများကို တာဝန် ထမ်းဆောင်ရန်အလို့ငှာ စုဆောင်းခြင်း၊ လက်နက်ကိုင်ပဋိပက္ခအတွင်း အသုံးချခြင်းမပြုရန်နှင့် အဆိုပါ စုဆောင်းခံရသူများအား ပြန်လည်နုတ်ထွက်ခွင့်ပြုရန် အစီအမံများ ချမှတ်၍ ဆောင်ရွက်ရမည်။

(ဃ) လက်နက်ကိုင်ပဋိပက္ခနှင့်ဆက်စပ်၍ ကလေးသူငယ်များအပေါ် ချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအား အရေးယူတရားစွဲဆိုတင်ပို့ရေးအတွက် ဆောင်ရွက်ရမည်။ အကယ်၍ ချိုးဖောက်သူများသည် တပ်မတော်သား စစ်မှုထမ်းများဖြစ်ပါက စစ်ဘက်တရားစီရင်ရေးအရ အရေးယူဆောင်ရွက် နိုင်ရန် လွှဲပြောင်းပေးရမည်။ ထိုသို့ လွှဲပြောင်းပေးပြီးနောက် စစ်ဘက်တရားရုံး၏ ဆုံးဖြတ်ချက်မိတ္တူကို တောင်းယူ၍ ချိုးဖောက်ခံရသော ကလေးသူငယ်၏ မိသားစုထံ ပေးပို့ရမည်။

(င) လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်သော ကလေးသူငယ်များအား သေဒဏ်၊ ထောင်ဒဏ် တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုများ မှအပ အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် စွဲဆိုသည့် အမှုကို ရုပ်သိမ်း၍ ကလေးသူငယ်ကို လူမှုဝန်ထမ်းဦးစီး ဌာနသို့ လွှဲပြောင်းပေးပြီး သင်တန်းကျောင်း၊ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေး ဂေဟာတွင် ပြုပြင်စောင့်ရှောက်မှု ခံယူစေရမည်။

(စ) ပဋိပက္ခ၏ ရလဒ်အဖြစ် နေရပ်စွန့်ခွာရသော ကလေးသူငယ်များနှင့် ဒုက္ခခံစားရသူကလေးသူငယ် များ၏ ဘဝရပ်တည်ရန်ခက်ခဲမှုကို ထည့်သွင်းစဉ်းစားပြီး အန္တရာယ်ကင်းရှင်းစွာ အခြေခံဝန်ဆောင်မှုများ ကို ရယူနိုင်စေရေးတို့အတွက် ဦးစားပေးကိစ္စအဖြစ် ဆောင်ရွက်ရမည်။

(ဆ) ဤအခန်းပါ ပြဋ္ဌာန်းချက်များကို ကလေးသူငယ်များ အပါအဝင် အရွယ်ရောက်ပြီးသူများအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်၍ လိုက်နာကြစေရန် သင့်လျော်သောနည်းလမ်းများဖြင့် သတင်းဖြန့်ချိ ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်။

(ဇ) စုဆောင်းခံရသော သို့မဟုတ် အသုံးပြုခံရသော ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခ အတွင်း ထိခိုက်နစ်နာသော ကလေးသူငယ်များအား ယင်းတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည် ကောင်းမွန်စေရန် ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက်လည်းကောင်း၊ ပညာသင်ကြားရေး အတွက်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းနိုင်ရေးအတွက် လည်းကောင်း အစီအမံများချမှတ်ပြီး သင့်လျော်သော အကူအညီများပေးရမည်။

၆၁။ မည်သူမဆို လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ ချိုးဖောက်မှုတစ်ခုခုကို ကျူးလွန်ပါက ပြစ်မှုကျူးလွန်ရာရောက်သည်-

(က) ကလေးသူငယ်ကို စုဆောင်းခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခတွင် အသုံးပြုခြင်း၊

(ခ) ရိက္ခာလက်နက်ပစ္စည်း သယ်ယူခိုင်းခြင်း သို့မဟုတ် သယ်ယူရန် အနိုင်အထက်ဆင့်ခေါ်ခြင်း၊

(ဂ) ကိုယ်လက်အင်္ဂါ ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် သတ်ဖြတ်ခြင်း၊

(ဃ) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊

(င) ကျောင်း သို့မဟုတ် ကလေးသူငယ်များတက်ရောက်ကုသသည့် ဆေးရုံများကို တိုက်ခိုက်ခြင်း၊

(စ) လူသားချင်းစာနာမှု အကူအညီ၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ရရှိမှုကို ငြင်းဆိုအဟန့် အတားပြုခြင်း။

၆၂။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရရှိစေ ရမည်-

(က) ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လျစ်လျူရှုခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းတို့မှ ကာကွယ်စောင့်ရှောက်မှုခံယူခွင့်၊

(ခ) အတင်းအကြပ် လိုက်နာစေရန် နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် အခြားရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့ဂုဏ်သိက္ခာကျဆင်းစေသော အမူအကျင့်များပြုမူခြင်း သို့မဟုတ် ခိုင်းစေမှုကို မလိုက်နာသည့်အတွက် အပြစ်ပေးသည့်အနေဖြင့် စုဆောင်းခြင်း သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်စေခြင်းတို့မှ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှုခံယူခွင့်၊

(ဂ) အကြောင်းတစ်ရပ်ရပ်ကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်း၊ သို့မဟုတ် ပြင်ပသွားလာခွင့်မပြုသော စခန်းများတွင် နေစေခြင်းမှ ကင်းလွတ်ခွင့်၊

(ဃ) ကလေးသူငယ်အခွင့်အရေး ချိုးဖောက်မှုခံရပြီး ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း ကျူးလွန်ခံရသူကလေးသူငယ်များနှင့် အသက်မသေ ကျန်ရှိသူများအား ရုပ်ပိုင်းနှင့်

စိတ်ပိုင်းပြန်လည်ထူထောင်ရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရန် သင့်လျော်သော အကူအညီရရှိခွင့်၊

(င) ထိခိုက်နစ်နာမှုများ၊ ဆုံးရှုံးမှုများအတွက် ပံ့ပိုးခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ကျူးလွန်သူများအား မှုခင်းများစွဲဆိုရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ အကူအညီရရှိခွင့်၊

(စ) ကလေးသူငယ်အခွင့်အရေးဆိုင်ရာ လိုအပ်သော စာရွက်စာတမ်းများကို ရရှိခွင့်။

၆၃။ မည်သူမျှ–

(က) အသက် ၁၈ နှစ်မပြည့်သေးသူများကို နိုင်ငံတော်၏ တပ်မတော်အတွင်းသို့ စုဆောင်းခြင်း၊ ဥပဒေ အရ စစ်မှုထမ်းစေခြင်း သို့မဟုတ် စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းမပြုရ၊

(ခ) အသက် ၁၈ နှစ်အောက်ဖြစ်သောသူများကို တိုက်ခိုက်မှုများတွင် အသုံးမပြုရ။

၆၄။ မည်သူမျှ–

(က) အသက် ၁၈ နှစ်အောက်ဖြစ်သော သူများကို နိုင်ငံတော်၏တပ်မတော် မဟုတ်သည့် အခြားအုပ်စု များသို့ လူသစ်စုဆောင်းခြင်း မပြုရ၊

(ခ) အသက် ၁၈ နှစ်အောက် ဖြစ်သူများကို နိုင်ငံတော်၏ တပ်မတော် မဟုတ်သည့် အခြားမည်သည့် အုပ်စု ကမဆို တိုက်ခိုက်မှုများတွင် အသုံးမပြုရ။

၆၅။ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၆၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်၏ တပ်မတော်က ကြိုးကြပ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် ကျောင်းများ၊ သိပ္ပံများ၊ တက္ကသိုလ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

## အခန်း (၁၈)

## ကလေးသူငယ်ကိုရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ် ဖြန့်ဖြူးခြင်းနှင့် တရားခံလွှဲပြောင်းပေးခြင်း

၆၆။ ကလေးသူငယ်၏ ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကလေးသူငယ်များအပေါ် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထိုသူအား ပြစ်မှုကျူးလွန်သူဟု မှတ်ယူရမည်–

(က) ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အကျိုးအမြတ်အတွက် ကလေးသူငယ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းကို လွှဲပြောင်းခြင်း သို့မဟုတ် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေခြင်း၊ ထိုသို့ ခိုင်းစေရန်အလို့ငှာ ရောင်းချခြင်း၊ ကမ်းလှမ်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် လက်ခံခြင်း၊

(ခ) ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ ခိုင်းစေရန်အလို့ငှာ ကမ်းလှမ်းခြင်း၊ ရယူခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ထောက်ပံ့ခြင်း၊

(ဂ) ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ယင်းကိစ္စအလို့ငှာ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း။

၆၇။ (က) ဤအခန်းပါ ပြစ်မှုများသည် ကလေးသူငယ် အခွင့်အရေးများနှင့် သက်ဆိုင်သည့် အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ပရိုတိုကောလ် အဖွဲ့ဝင်နိုင်ငံအချင်းချင်းချုပ်ဆိုသည့် စာချုပ်တွင် ပါရှိသော တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုများတွင်ပါဝင်သည်ဟု မှတ်ယူရမည်။

(ခ) ဤအခန်းပါ ပြစ်မှုတစ်ခုခုအတွက် ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲပရိုတိုကောလ် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့တရားခံ လွှဲပြောင်းရေးကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အကူအညီပေးရေးကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၉)

## ကလေးသူငယ်၏ ကျင့်ဝတ်စည်းကမ်းများနှင့် မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများ၏ တာဝန်ဝတ္တရားများ

၆၈။ ကလေးသူငယ်တိုင်းသည် အသက်အရွယ်အလိုက် အောက်ပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာ ကျင့်ကြံစောင့်ထိန်းရမည်–

(က) တရားဥပဒေကို စောင့်ထိန်းလိုက်နာခြင်း၊

(ခ) အသက်အရွယ်နှင့် ရင့်ကျက်မှုရှိလာသည်နှင့်အမျှ မိဘ၊ အုပ်ထိန်းသူတို့၏ ဆုံးမသွန်သင်ပေးမှုကို လေးစားလိုက်နာကာ မိမိ၏အခွင့်အရေးများကို လက်ခံကျင့်သုံးခြင်း၊

(ဂ) မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများ၏ သွန်သင်မှုကိုခံယူပြီး ပညာသင်ယူခြင်း၊

(ဃ) ကျောင်းစည်းကမ်းနှင့် ရပ်ရွာစည်းကမ်းများကိုလည်းကောင်း၊ လူမှုရေးစည်းကမ်းနှင့် ဘာသာရေး ကျင့်ဝတ်များကိုလည်းကောင်း လေးစားလိုက်နာပြီး ရပ်ရွာအတွင်းတာဝန်သိသူတစ်ဦးအဖြစ် နေထိုင် ကျင့်ကြံခြင်း၊

(င) မိမိရပ်ရွာအသိုက်အဝန်း၏ ကောင်းမွန်သော အစဉ်အလာများ၊ တန်ဖိုးများ၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(စ) အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲခြင်း၊ လောင်းကစားခြင်း သို့မဟုတ် အခြားအကျင့်စာရိတ္တ ပျက်ပြားဖွယ်ရာ အမူအကျင့်များ မှ ရှောင်ကြဉ်ခြင်း။

၆၉။ မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများသည် ကလေးသူငယ်များက ပုဒ်မ ၆၈ ပါ ကျင့်ဝတ် စည်းကမ်းများကို လိုက်နာစောင့်ထိန်းသည့် အလေ့အထရှိစေရန် ရိုက်နှက်ပြစ်ဒဏ်ပေးမှုအပါအဝင် အပြစ်ပေးမှု ပုံစံတစ်မျိုးမျိုးတို့ကို အသုံးမပြုဘဲ ကျိုးကြောင်းပြနည်းပေး လမ်းညွှန်ပြုရမည်။

၇၀။ အမျိုးသားကော်မတီသည် ပုဒ်မ ၆၈ ပါကလေးသူငယ်များက ယင်းတို့၏ ကျင့်ဝတ်စည်းကမ်းများ လိုက်နာကျင့်သုံးရေးအတွက်လည်းကောင်း၊ ပုဒ်မ ၆၉ ပါ မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများက ရှောင်ကြဉ်ရမည့်အချက်များကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်လည်းကောင်း ကျောင်းသားများ၏ မိဘများ၊ ရပ်မိရပ်ဖများနှင့် ဆရာ၊ ဆရာမများအား အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်။

## အခန်း (၂၀)

## အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း

၇၁။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် ပတ်သက်၍-

(က) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ရန် သင့် မသင့် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) ကျူးလွန်သည့် ပြစ်မှု၏သဘာဝ၊ ကျူးလွန်ရသည့် အကြောင်းရင်းနှင့် အခြေအနေ၊

(၂) ထိုပြစ်မှုမျိုးကို မကြာခဏ ကျူးလွန်လေ့ရှိ မရှိ၊

(၃) ကလေးသူငယ်၏ အသက်အရွယ် အသိဉာဏ်ဖွံ့ဖြိုးမှု၊ ရင့်ကျက်မှု အခြေအနေ၊

(၄) မိသားစု အနေအထားနှင့် ပတ်ဝန်းကျင်လွှမ်းမိုးမှု အခြေအနေ၊

(၅) ပြစ်မှုကျူးလွန်ခြင်းခံရသူ၏ ထိခိုက်နစ်နာမှုကို ပြုပြင်ကုစားပေးနိုင်မှု ရှိ မရှိ၊

(၆) ကလေးသူငယ်က ပြစ်မှုကျူးလွန်ကြောင်း သက်သေအထောက်အထား ခိုင်လုံမှု ရှိ မရှိ၊

(၇) ရပ်ရွာလူမှုအဖွဲ့အစည်း ဘေးကင်းလုံခြုံမှု ရှိနိုင် မရှိနိုင်။

(ခ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် သင့်ပါက ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခြင်းမပြုမီ အဆင့်တွင်ဖြစ်စေ၊ ရဲတပ်ဖွဲ့က အမှုစုံစမ်းစစ်ဆေးသည့်အဆင့်တွင်ဖြစ်စေ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာအဆင့်အလိုက် ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

၇၂။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်မှာ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (က) ပါ အချက်များနှင့် အကျုံးဝင်စေကာမူ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်ပါက အခြားနည်းလမ်းဖြင့် လွှဲပြောင်း ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းမပြုရ-

(က) သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိထောင်ဒဏ် သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ် ချမှတ်နိုင်သော ပြစ်မှုအပါအဝင် ထောင်ဒဏ်ခုနစ်နှစ်နှင့်အထက် ပြစ်ဒဏ်ပေးနိုင်သောပြစ်မှုကို ကျူးလွန် ခဲ့ခြင်း၊

(ခ) အကျင့်စာရိတ္တ လွန်ကဲစွာပျက်စီးနေသော သို့မဟုတ် ထိန်းသိမ်း၍ မရနိုင်လောက်အောင် ဆိုးသွမ်း နေသော ကလေးသူငယ်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားများ တွေ့ရှိခြင်း၊

(ဂ) ထောင်ဒဏ် သုံးနှစ်နှင့်အထက် ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှုတစ်ခုခုဖြင့် ပြစ်ချက်ဟောင်းရှိသူ ဖြစ်ခြင်း။

၇၃။ အမျိုးသားကော်မတီ၏ လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲ ခံရသောကလေးသူငယ်ကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအလို့ငှာ အခြားနည်းလမ်းဖြင့်

လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေး သူငယ်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိများအပါအဝင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ စေတနာရှင်များအား ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများဖြင့် လေ့ကျင့်ခြင်းနှင့် သင်တန်းများပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ရမည်။

၇၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းပြုရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးမှူးရုံးတို့နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာမြို့နယ်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သင့်လျော်သော တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းရမည်။

၇၅။ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့များသည်–

(က) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့်စပ်လျဉ်း၍ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ရန် သင့် မသင့် ပုဒ်မ ၇၀၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၇၂ တို့ပါ အချက်များကို ထည့်သွင်းစဉ်းစားပြီး ထိုလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရန် ဦးစွာဆုံးဖြတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် ယင်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူကို လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူမှာ ကလေးသူငယ် ဖြစ်ပါက ယင်းနှင့် မိဘ သို့မဟုတ် အုပ်ထိန်းသူကိုလည်းကောင်း ဆင့်ဆိုပြီး နစ်နာကြေးသဘောတူညီချက် အရ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကို

အောက်ပါနည်းလမ်းတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ သင့်လျော်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည်–

(၁) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်အား သတိပေးဆုံးမခြင်း၊

(၂) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကဖြစ်စေ၊ ယင်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူကဖြစ်စေ၊ ၎င်းတို့နှစ်ဦးလုံးကဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူနှင့် ယင်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူအား စကားဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ဝန်ချတောင်းပန်စေခြင်း၊

(၃) ရပ်ရွာအကျိုးပြု လူမှုရေးအလုပ်တစ်ခုခုကို လုပ်ကိုင်စေခြင်း၊

(၄) ပြစ်မှုကျူးလွန်ခြင်းခံရသူအား ထိခိုက်နစ်နာမှု သို့မဟုတ် နောက်ဆက်တွဲ အကျိုးဆက်များအတွက် သင့်လျော်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးစေခြင်း၊

(၅) ထိခိုက်နစ်နာ ဆုံးရှုံးသော ပစ္စည်းကိုပြန်ပေးခြင်း၊ ထိုပစ္စည်းကို အစားထိုးပေးခြင်း သို့မဟုတ် ထိုပစ္စည်းအတွက် နစ်နာကြေးပေးစေခြင်း၊

(၆) ပြစ်မှုကျူးလွန်သူအား ရပ်မိရပ်ဖလူကြီး၏ ဆုံးမသွန်သင်မှုကို ခံယူစေခြင်းနှင့် ကျူးလွန်ခံရသူအား နှစ်သိမ့်ဆွေးနွေးစေခြင်း၊

(၇) ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများအလို့ငှာ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ၊ လေ့ကျင့်သင်ကြားပေးနိုင်ရန် သင်တန်းကျောင်းများ၊ ပရဟိတဂေဟာများ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာများတွင် ပြုပြင်ထိန်းသိမ်းခြင်း၊

(၈) ကျွမ်းကျင်မှုနှင့် အခြားဖွံ့ဖြိုးမှု အစီအစဉ်တစ်ရပ်ရပ် ဆောင်ရွက်စေခြင်း၊

(၉) မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာစွဲလမ်းမှုကုသနိုင်ရေးအတွက် ဆရာဝန်နှင့် တိုင်ပင် ဆွေးနွေးစေခြင်း။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆုံးဖြတ်သည့် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကို သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဃ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက

မိဘမဲ့မွေးစားသူနှင့်ပတ်သက်သည့်အချက်အလက်များအပါအဝင် မိဘမိမြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ဝင်တစ်ဦးဦး ဦးဆောင်၍ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ခွဲကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း၍ ဆောင်ရွက်စေရန် တာဝန်ပေးအပ်နိုင်သည်။

၇၆။ ကလေးသူငယ်တရားရုံးသည် ရဲတပ်ဖွဲ့မှ တင်ပို့လာသော အမှုများတွင်ဖြစ်စေ၊ တိုက်ရိုက်လျှောက်ထားမှုများတွင်ဖြစ်စေ အမှုကို အပြီးသတ်အမိန့်မချမီ အမှုစစ်ဆေးနေစဉ် ကာလအတွင်း ပုဒ်မ ၇၂ ကို အထောက်အထားပြု၍ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (က)ပါအချက်များနှင့် ကိုက်ညီပါက အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်အရ ဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်ညှိနှိုင်းရေးအဖွဲ့သို့ အကြောင်းကြားပြီး အမှုပိတ်သိမ်းနိုင်သည်။

၇၇။ ပုဒ်မ ၇၅ အရ ဖြစ်စေ၊ ပုဒ်မ ၇၆ ပါ ကလေးသူငယ် တရားရုံး၏ အကြောင်းကြားချက်အရဖြစ်စေ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့၏ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်အရ ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၂၁)

## ကလေးသူငယ်ကို ပြစ်မှုဖြင့် အရေးယူခြင်းနှင့် ကင်းလွတ်ခွင့်

၇၈။ (က) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ။

(ခ) ပြုလုပ်စဉ်အခါက မိမိပြုသောပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင်၊ အဆင်အခြင်နှင့် မပြည့်စုံသေး၍ အသက် ၁၀ နှစ် အထက်၊ ၁၂ နှစ် အောက်အရွယ်ရှိသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ။

၇၉။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်က အသက်နှင့်စပ်လျဉ်းသည့် အထောက် အထား တင်ပြခြင်းမပြုနိုင်သေးမီ ၎င်း၏အသက်အရွယ်ယင်ရွယ်မှုနှင့် ပုံပန်းသဏ္ဌာန်အရ အသက် ၁၈ နှစ် မပြည့်သေးသူ ဖြစ်နိုင်သည်ဟု ထင်မြင်ယူဆနိုင်ပါက ဤဥပဒေပါ ကလေးသူငယ်၏ အခွင့်အရေးကို ရထိုက်ခွင့်ရှိစေရမည်။

၈၀။ ရဲအရာရှိသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ဖမ်းဆီးလျှင်–

(က) မိဘ မည်သူမည်ဝါဖြစ်ကြောင်း ကောင်းမွန်စွာ ပြောကြားရမည်။

(ခ) ကလေးသူငယ်နားလည်နိုင်သော ရိုးရှင်းသည့် စကားအသုံးအနှုန်းဖြင့် ဖမ်းဆီးရသည့် အကြောင်းရင်းနှင့် ၎င်းအား စွပ်စွဲထားသော ပြစ်မှုတို့ကို ရှင်းလင်းပြောကြားရမည်။

(ဂ) ခြိမ်းခြောက်ခြင်း၊ အဓမ္မအနိုင်အထက်ပြုခြင်း သို့မဟုတ် မလိုအပ်ဘဲ အင်အားသုံးခြင်း၊ နှိပ်စက် ညှဉ်းပန်းခြင်း၊ ရက်စက်ခြင်း သို့မဟုတ် လူမဆန်စွာပြုမူခြင်းစသည့် အပြုအမူများကို ရှောင်ရှားရမည်။

(ဃ) လက်ထိတ်ခတ်ခြင်း၊ ကြိုးဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ချည်နှောင်ခြင်းမပြုရ။

(င) မည်သည့်အကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင် ချုပ်နှောင်ထားခြင်း မပြုရ။

(စ) လူကြီးအကျဉ်းသားများနှင့်အတူ ရောနှော၍ထားရှိခြင်းမပြုရ။ မိန်းကလေးဖြစ်ပါက အမျိုးသမီး အစောင့်အရှောက်ဖြင့်သာ ထားရှိရမည်။

(ဆ) သက်ဆိုင်သော မိဘ သို့မဟုတ် အုပ်ထိန်းသူထံချက်ချင်း သို့မဟုတ် ဆောလျင်စွာ အသိပေး အကြောင်းကြားရမည်။ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးနှင့်လည်းကောင်း၊ ရှေ့နေနှင့်လည်းကောင်း ကလေး သူငယ်ကို တွေ့ဆုံခွင့်ပြုရမည်။

(ဇ) ကျူးလွန်သော ပြစ်မှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီသာမေးမြန်းရမည်။

(ဈ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းမပြုပါက ကလေးသူငယ်ကို သက်ဆိုင်ရာ ကလေးသူငယ်တရားရုံးသို့ ဆောလျင်စွာ တင်ပို့ရမည်။

(ည) ပုဒ်မခွဲ (ဈ)အရ ကလေးသူငယ်တရားရုံးသို့ ဆောလျင်စွာ တင်ပို့ခြင်း မပြုနိုင်ပါက ကလေး သူငယ်ကို ကောင်းမွန်စွာကျင့်ကြံနေထိုင်ရန် ခံဝန်ချုပ်ချုပ်ဆိုစေပြီး လွှတ်ပေးရမည်။ ထိုသို့ ခံဝန်ချုပ်ဖြင့် လွှတ်ပေးခြင်းမပြုနိုင်ပါက ယာယီစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် အခြားသင့်တော်သော နေရာသို့ ပို့ဆောင်ရမည်။

(ဋ) ကလေးသူငယ်အသက်အရွယ်ကို သတ်မှတ်ရန် အသက်နှင့်စပ်လျဉ်းသည့် အထောက်အထားများ ရယူထားရမည်။

၈၁။ ရဲအရာရှိသည် သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးသည့်

ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ် သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ကလေးသူငယ်ကို–

(က) ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။ သို့ရာတွင် ရာဇသတ်ကြီးနှင့်အခြားပြစ်မှုဆိုင်ရာ အထူးဥပဒေ တစ်ရပ်ရပ်အရ အရေးယူခြင်းမပြုရ။

(ခ) ဖမ်းဆီးရမိလျှင် သက်ဆိုင်ရာ သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂဟာ၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ပြန်ပို့ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရသင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ပြန်မပို့နိုင်မီကာလအတွင်း အခြားသင့်လျော်သည့် နေရာ၌ ထိန်းသိမ်းထားရှိနိုင်သည်။

## အခန်း (၂၂)

## ကလေးသူငယ် တရားစီရင်ရေး

၈၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်–

(က) နိုင်ငံတော်အတွင်း လိုအပ်ပြီး သင့်လျော်သော နယ်မြေများတွင် ကလေးသူငယ်တရားရုံးများ တည်ထောင်ရမည်။ ထို့အပြင် ကလေးသူငယ်တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကလေးသူငယ်တရားရုံး တည်ထောင်ထားခြင်းမရှိသော နယ်မြေဒေသတွင် မြို့နယ်တရားသူကြီးအား ကလေးသူငယ်တရားသူကြီး၏ စီရင်ပိုင်ခွင့်အာဏာကို အပ်နှင်းနိုင်သည်။

၈၃။ ကလေးသူငယ်တရားရုံးသည်–

(က) ပြစ်မှုကျူးလွန်သည့် အချိန်တွင် အသက် ၁၈ နှစ် မပြည့်သေးသော ကလေးသူငယ်ကိုသာလျှင် တရားစီရင်ပိုင်ခွင့်ရှိစေရမည်။ ကလေးသူငယ်မှုခင်းတစ်ရပ်ကို ကြားနာစစ်ဆေးရာ၌ ဆက်လက် ဆောင်ရွက်ခြင်းမပြုမီ ပြစ်မှုကျူးလွန်သူမှာ ကလေးသူငယ်ဖြစ်ကြောင်း အသက်နှင့်စပ်လျဉ်းသည့် အထောက်အထားများကို စိစစ်ပြီး ဆုံးဖြတ်ချက်ချမှတ်ရမည်။ ထိုဆုံးဖြတ်ချက်ကို မှတ်တမ်းတင် ထားရှိရမည်။

(ခ) ကလေးသူငယ်မှုခင်းကို ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေစဉ်အတွင်း ပြစ်မှုကျူးလွန် ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်၏ အသက်မှာ ၁၈ နှစ် ပြည့်သွားသော်လည်း ကလေးသူငယ် ဖြစ်ဘိသကဲ့သို့ ဆက်လက်၍ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

(ဂ) စစ်ဆေးစီရင်နေစဉ်အတွင်း တရားစွဲဆိုတင်ပို့သော ကလေးသူငယ်ကို ကောင်းမွန်စွာကျင့်ကြံနေထိုင်ရန် အာမခံဖြင့်ခံဝန်ချုပ် ချုပ်ဆိုစေပြီး စည်းကမ်းချက်များသတ်မှတ်၍ မိဘ၊ အုပ်ထိန်းသူထံဖြစ်စေ၊ ယာယီ စောင့်ရှောက်ရေးဂေဟာ သို့မဟုတ် အခြားသင့်လျော်သော နေရာသို့ဖြစ်စေ အုပ်ထိန်းရန် အပ်နှံနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အာမခံဖြင့် ခံဝန်ချုပ်ပြုလုပ်ခြင်းမရှိသည့်အခါ နောက်ဆုံးနည်းလမ်းအဖြစ် သာလျှင် မိဘ၊ အုပ်ထိန်းသူထံဖြစ်စေ၊ ယာယီစောင့်ရှောက်ရေးဂေဟာသို့ဖြစ်စေ၊ အခြားသင့်လျော်သော နေရာသို့ဖြစ်စေ စည်းကမ်းချက်များကို လိုက်နာစေလျက် ကလေးသူငယ်ကို အပ်နှံနိုင်သည်။ ထိုသို့ အပ်နှံသည့်ကာလသည် အတိုတောင်းဆုံး ဖြစ်စေရမည်။

(င) မည်သည့်အကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင်ဖြစ်စေ၊ အကျဉ်းထောင်တွင်ဖြစ်စေ ချုပ်မိန့်မပေးရ။

(စ) ကလေးသူငယ်ကို မည်သည့်ပြစ်မှုအတွက်မဆို ကလေးသူငယ်တရားရုံး ရှေ့မှောက်သို့ တင်ပို့ပါက ကလေးသူငယ်နားလည်နိုင်သော ရိုးရှင်းသည့် စကားအသုံးအနှုန်းဖြင့် စွဲဆိုသည့်ပြစ်မှုကို ရှင်းလင်း ပြောကြားရမည်။

(ဆ) သေဒဏ် သို့မဟုတ် ထောင်ဒဏ် ၃ နှစ်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ကလေးသူငယ်မှုခင်း များကို ဝရမ်းမှုစစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

(ဇ) ပုဒ်မခွဲ (ဆ)ပါ မှုခင်းမျိုးမှတစ်ပါး အခြားကလေးသူငယ်မှုခင်းများကို သမ္မာန်မှု စစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

(ဈ) ကလေးသူငယ်မှုခင်းတွင် ရှေ့နေငှားရမ်းထားစေကာမူ ကလေးသူငယ်ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်း မိမိကိုယ်ကို ကာကွယ်ပြောကြားရာတွင် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး သို့မဟုတ် တာဝန်ရှိ လူမှုဝန်ထမ်းအရာရှိ တစ်ဦးဦးအား ကလေးသူငယ်ကို ကူညီဆောင်ရွက်ပေးရန် ခွင့်ပြုနိုင်သည်။

(ည) စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှု ရှိ မရှိ စစ်ဆေးရန် လိုအပ်ပါက စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူ ဆရာဝန် နှင့်စစ်ဆေးပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက် ရမည်။

၈၄။ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်းများကို ကြားနာစစ်ဆေးရာတွင်−

(က) သီးခြားတရားရုံး သို့မဟုတ် သီးခြားအဆောက်အအုံတွင် ကြားနာစစ်ဆေးရမည်။ သီးခြားတရားရုံး သို့မဟုတ် သီးခြားအဆောက်အအုံမရှိပါက တရားရုံးပုံမှန်ဖွင့်လှစ်၍ ကြားနာစစ်ဆေးသည့်နေရာ မဟုတ်သော အဆောက်အအုံ သို့မဟုတ် အခန်းတွင် ပြုလုပ်ရမည်။

(ခ) မိဘများ၊ အုပ်ထိန်းသူများ၊ တရားရုံးဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ ယူနီဖောင်းဝတ်ဆင်ထားခြင်း မရှိသောတာဝန်ကျရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းနှင့်သက်ဆိုင်သူများနှင့် ကလေးသူငယ်တရားရုံးက ခွင့်ပြုချက် ပေးထားသောသူများမှအပ အခြားမည်သူမျှ ကြားနာစစ်ဆေးသောနေရာတွင် မရှိစေရ။

(ဂ) ကလေးသူငယ်အတွက် ခုခံကာကွယ်ရန် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် အခြား သင့်လျော်သူတစ်ဦးဦးအား ကလေးသူငယ်ကိုယ်စား စစ်မေးခြင်း၊ လျှောက်ထားခြင်းနှင့် လျှောက်လဲခြင်းတို့ ပြုနိုင်ရန် ခွင့်ပြုရမည်။

(ဃ) ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူ ကလေးသူငယ်အတွက် တရားလိုဘက်မှ ဥပဒေအရာရှိက လိုက်ပါဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဥပဒေရုံးသို့ အကြောင်းကြားရမည်။

(င) ကလေးသူငယ်နှင့် သက်သေများအတွက် လိုအပ်ပါက စကားပြန်ထားရှိနိုင်ရန် စီစဉ်ပေးရမည်။

(စ) ကလေးသူငယ် မှုခင်းကို ဆောလျင်စွာ ကြားနာစစ်ဆေးပေးရမည်။

(ဆ) သက်သေများ စစ်ဆေးခြင်း၊ လျှောက်လဲချက်ပေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းပြုရာ၌ တရားခွင်ရှိ တရားသူကြီး၊ ဥပဒေအရာရှိ၊ လူမှုဝန်ထမ်းအရာရှိ၊ ရဲအရာရှိ၊ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် သက်သေများ မြင်နိုင်ကြားနိုင်၊ မေးမြန်းနိုင်၊

ဖြေကြားနိုင်၊ မှတ်တမ်းတင်နိုင်သည့် ဗီဒီယိုရုပ်မြင်သံကြား မြင်ကွင်းစနစ်ဖြင့် ပြုလုပ်နိုင်သည်။

၆၅။ ကလေးသူငယ်မှုခင်းကို ကြားနာစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ကလေးသူငယ်တရားရုံးသည်-

(က) စစ်ဆေးဆဲအမှု မည်သည့်အခြေအနေသို့ ရောက်ရှိနေစေကာမူ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲ ခံရသော ကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့လာရောက်ရန် မလိုဟု ယူဆလျှင် ရုံးရှေ့သို့ မလာရောက်စေဘဲ ယင်း၏ မျက်ကွယ်တွင်အမှုကို ဆက်လက်စစ်ဆေးနိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို ဖြစ်ထွန်းနိုင်သည့်ကိစ္စတွင် သတင်း အချက်အလက်ရယူခွင့်ပေးခြင်းမှအပ ကလေးသူငယ်မှုခင်း သတင်းအချက်အလက်များကို သတင်းစာ များ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ စာစောင်များ၊ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ အင်တာနက် စာမျက်နှာနှင့် လူမှုကွန်ယက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းနှင့် ရေဒီယို၊ ရုပ်မြင်သံကြားတစ်ခုခုတွင် ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်းမပြုနိုင်ရန်နှင့် သတင်းမီဒီယာသမားအား တရားခွင်အတွင်း ဝင်ရောက်ခြင်း ခွင့်မပြုရ။

(ဂ) ကလေးသူငယ်ကြီးကြပ်သူအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရန် သက်ဆိုင်ရာ လူမှုဝန်ထမ်းရုံးသို့ အကြောင်းကြားရမည်။

၆၆။ ကလေးသူငယ်တရားရုံးသည် ရဲတပ်ဖွဲ့က စုံစမ်းနေစဉ်အတွင်းဖြစ်စေ၊ ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေစဉ်အတွင်းဖြစ်စေ ထွက်ပြေးတိမ်းရှောင်နေသော ကလေးသူငယ်ကို ဖမ်းဆီးမိပြီး သက်ဆိုင်ရာတရားရုံးသို့ စွဲဆိုတင်ပို့သည့်အချိန်တွင် အသက် ၁၈ နှစ် ပြည့်သွားသော ကလေးသူငယ် မှုခင်းနှင့်စပ်လျဉ်း၍-

(က) အသက် ၁၈ နှစ် ပြည့်ပြီး အသက် ၂၀ နှစ် မပြည့်သေးလျှင် ကလေးသူငယ် ဖြစ်ဘိသကဲ့သို့ ဆက်လက်၍ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

(ခ) အသက် ၂၀ နှစ် ပြည့်ပြီးဖြစ်လျှင် အရွယ်ရောက်သူကို စစ်ဆေးစီရင်သည့် နည်းလမ်းအတိုင်း ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။ သို့ရာတွင် ပြစ်ဒဏ်ကို ကလေးသူငယ်ဖြစ်သည့် အလား ဤဥပဒေနှင့်အညီ ချမှတ်ရမည်။

**ခြွင်းချက်။** ထိုသို့ချမှတ်သည့်အခါ ကလေးသူငယ်ကဲ့သို့ မိဘအုပ်ထိန်းသူထံ အပ်နှံခြင်း၊ ယာယီ စောင့်ရှောက်ရေးဂေဟာ သို့မဟုတ် သင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ်ခြင်းမပြုနိုင်။

၈၇။ ကလေးသူငယ်တရားရုံးသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသော ကလေးသူငယ်အား အမိန့်ချမှတ်ခြင်းမပြုမီ အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားလျက် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများဖြစ်ထွန်းစေပြီး စာရိတ္တပြုပြင်ပြောင်းလဲစေနိုင်မည့် အမိန့်ကို ချမှတ်ရမည်–

(က) ကလေးသူငယ်၏ အသက်အရွယ်နှင့် အကျင့်စာရိတ္တ၊

(ခ) ကလေးသူငယ်၏ ပတ်ဝန်းကျင် အခြေအနေ၊

(ဂ) ပြစ်မှုကျူးလွန်ရသည့် အကြောင်းရင်း၊

(ဃ) ကလေးသူငယ်ကြီးကြပ်သူက တင်သွင်းသော အစီရင်ခံစာ၊

(င) ကလေးသူငယ်အား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ကလေးသူငယ်၏ လွတ်လပ်ခွင့်ကို ထိခိုက်စေခြင်း မရှိဘဲဖြစ်နိုင်ပါက အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို ဦးစားပေးခြင်း၊

(စ) ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သော အခြားအချက်များ။

၈၈။ ကလေးသူငယ်တရားရုံးသည်–

(က) ကလေးသူငယ်ကို သာမန်အားဖြင့် ထောင်ဒဏ်ချမှတ်ခြင်းမပြုရ။ ယင်းအား အခြားနည်းဖြင့်ပြုစု စောင့်ရှောက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ မရှိမှသာ နောက်ဆုံးနည်းလမ်းအဖြစ် သဘောထားပြီး ထောင်ဒဏ်ချမှတ်ရမည်။

(ခ) တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ကလေးသူငယ်အား ပြစ်မှုထင်ရှားစီရင်သည့် အခါ သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ်နှစ် ၂၀ မချမှတ်ရ။

(ဂ) ကလေးသူငယ် ကျူးလွန်သည့်ပြစ်မှုမှာ အောက်ပါ အချက်နှစ်ရပ်နှင့် အကျုံးဝင်သည်ဟု ကလေး သူငယ်တရားရုံးက ယုံကြည်မှသာထောင်ဒဏ် ချမှတ်ရမည်–

(၁) သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်ခြင်း၊

(၂) အကျင့်စာရိတ္တလွန်ကဲစွာ ပျက်စီးနေသော သို့မဟုတ် မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍ မရနိုင်သော ဆိုးသွမ်းနေသည့် ကလေးသူငယ်ဖြစ်ခြင်း။

(ဃ) ပုဒ်မခွဲ (ဂ) အရ ထောင်ဒဏ်ချမှတ်ရာတွင် ထိုကလေးသူငယ်မှာ အသက် ၁၆ နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် ခုနစ်နှစ်ထက်ပို၍လည်းကောင်း၊ အသက် ၁၆ နှစ် ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် တစ်ဆယ်နှစ်ထက်ပို၍လည်းကောင်း မချမှတ်ရ။

(င) ငွေဒဏ်တပ်ရိုက်ရန်ရှိလျှင် အသက် ၁၄ နှစ်ပြည့်ပြီးဝင်ငွေရှိသည့် ကလေးသူငယ်ကို ငွေဒဏ် တပ်ရိုက်နိုင်သည်။ ငွေဒဏ်မဆောင်သည့် ထိုကလေးသူငယ်အား ထောင်ဒဏ်မချမှတ်ရ။ ထိုကလေး ငယ်က ငွေဒဏ်မဆောင်လျှင် ကလေးသူငယ်၏ မိဘကိုလည်းကောင်း၊ မိဘမရှိလျှင် အုပ်ထိန်းသူကို လည်းကောင်း ငွေဒဏ် တပ်ရိုက်ရမည်။

၈၉။ ကလေးသူငယ်တရားရုံးသည် ပုဒ်မ ၈၈၊ ပုဒ်မခွဲ (ဂ) ပါ အချက်နှစ်ရပ်နှင့် မငြိစွန်းသဖြင့် ထောင်ဒဏ် မချမှတ်သင့်သော ကလေးသူငယ်နှင့်စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–

(က) ဆိုဆုံးမ၍ လွှတ်နိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအလို့ငှာ အခြားနည်းလမ်းဖြင့် လွှဲပြောင်း ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) မည်သည့်ပြစ်မှုတွင်မဆို ကလေးသူငယ်သည် ပြစ်မှုကို နောက်ထပ်မကျူးလွန်စေရေးအတွက် ဟန့်တားရန်အလို့ငှာ ထိုကလေးသူငယ်ကို ကောင်းမွန်စွာ နေထိုင်ကျင့်ကြံစေမည်ဖြစ်ကြောင်း ခံဝန်ချုပ် ချုပ်ဆိုပြီး သုံးနှစ်ထက်မကျော်လွန်သောကာလအတွက် စည်းကမ်းချက်များ သတ်မှတ်၍ မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်လွှဲအပ်ပေးနိုင်သည်။

(ဃ) သုံးနှစ်ထက်မပိုသောကာလအတွင်း ကလေးသူငယ်ကြီးကြပ်သူ၏ ကြီးကြပ်စီမံခြင်းကို ခံယူစေ နိုင်သည်။

(င) မည်သည့်ပြစ်မှုတွင်မဆို ကလေးသူငယ်သည် အကျင့်စာရိတ္တပျက်ပြားနေသူဖြစ်လျှင်သော်လည်းကောင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း မရှိသေးသော်လည်း မိဘအုပ်ထိန်းသူမရှိသည့် ကလေးသူငယ်ဖြစ်လျှင် သော်လည်းကောင်း၊

မိဘအုပ်ထိန်းသူရှိသော်လည်း ကလေးသူငယ်အား ဆိုဆုံးမခြင်းနှင့် ထိန်းသိမ်း စောင့်ရှောက်နိုင်သော အခြေအနေမရှိလျှင်သော်လည်းကောင်း ထိုကလေးသူငယ်ကို အနည်းဆုံး နှစ်နှစ် အထိဖြစ်စေ၊ အသက် ၁၈ နှစ် သို့မဟုတ် အသက် ၂၀ နှစ်ပြည့်သည်အထိဖြစ်စေ သင်တန်းကျောင်း တစ်ခုခုသို့ ပို့အပ်နိုင်သည်။

(စ) ကလေးသူငယ်တရားသူကြီး၏ ဆင်ခြင်တုံတရားအရ သင့်လျော်သည်ဟု ထင်မြင်သောစည်းကမ်း ချက်များသတ်မှတ်၍ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတွင် သတ်မှတ်သည့် အချိန်ကာလ တစ်ရပ်ထိ နေထိုင်စေရန် အမိန့်ချမှတ်နိုင်သည်။ သတ်မှတ်အချိန်ကာလပြည့်သည့်အခါ ပုဒ်မခွဲ (က) မှ (င) အထိ ပါရှိသည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

၉၀။ ကလေးသူငယ်တရားရုံးသည်−

(က) ကလေးသူငယ်အပေါ် ပုဒ်မ ၈၈ အရ ချမှတ်သော ထောင်ဒဏ်အပြင် ကလေးသူငယ်၏ ပြုလုပ် မှုကြောင့် တစ်စုံတစ်ယောက်သောသူတွင် ထိခိုက်နစ်နာမှု သို့မဟုတ် ဆုံးရှုံးမှုရှိလျှင် ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူက ပြစ်မှုကျူးလွန်ခြင်းခံရသော ထိခိုက်နစ်နာသူ သို့မဟုတ် ဆုံးရှုံးသူသို့ သင့်လျော်သော လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) အောက်ဖော်ပြပါအချက်များနှင့်ညီညွတ်လျှင် ပုဒ်မ ၈၉၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (င) အရ ချမှတ်ခဲ့သောအမိန့်ကို လိုက်နာပြီးသောကလေးသူငယ်အား သက်ဆိုင်ရာ မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ခံဝန်ချုပ်ဖြင့်ဖြစ်စေ၊ ခံဝန်ချုပ်မပြုလုပ်ဘဲဖြစ်စေ ပြန်လည်အပ်နှံရန် မည်သည့်အချိန်တွင်မဆို ပြင်ဆင်၍ အမိန့်ချမှတ်နိုင်သည်−

(၁) ကလေးသူငယ်၏ အကျင့်စာရိတ္တအခြေအနေ တိုးတက်ကောင်းမွန်မှုရှိလာခြင်း၊

(၂) မိဘ သို့မဟုတ် အုပ်ထိန်းသူရှိသော ကလေးသူငယ်ဖြစ်ခြင်း။

(ဂ) ပုဒ်မခွဲ (ခ) ပါ စီရင်ပိုင်ခွင့်ကို သက်ဆိုင်ရာ သင်တန်းကျောင်းအုပ်၊ ကလေးသူငယ် ကြီးကြပ်သူ သို့မဟုတ် မိဘ၊ အုပ်ထိန်းသူ၏ လျှောက်ထားတင်ပြချက်အရ ကျင့်သုံးနိုင်သည်။

၉၁။ (က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သေဒဏ်ထိုက် သင့်သော ပြစ်မှုကိုကျူးလွန်ကြောင်းစွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့်

ကလေးသူငယ်တရားခံအတွက် တရားရုံးတွင် နိုင်ငံတော်စရိတ်ဖြင့် လိုက်ပါဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ရှေ့နေငှားရမ်း ပေးရမည်။

(ခ) ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် အကျဉ်းချမှတ်ခြင်းခံရသည့် ကလေးသူငယ်သည်လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရခြင်း ကြောင့် နစ်နာသူကလေးသူငယ်သည်လည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလိုသည့် ပြစ်မှုနှင့်ဆိုင်သောသက်သေများသည်လည်းကောင်း ဥပဒေဆိုင်ရာ အထောက်အကူရရှိနိုင်ရန် မိမိတို့၏ကလေးသူငယ်မှုခင်းနှင့် သက်ဆိုင်သည့်ဒေသရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အကူအညီတောင်းခံနိုင်သည်။

(ဂ) ကလေးသူငယ်တရားရုံးက ဤဥပဒေအရ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ဥပဒေနှင့် အညီ အယူခံဝင်ရောက်ခွင့် သို့မဟုတ် ပြင်ဆင်မှုတင်သွင်းခွင့်ရှိစေရမည်။

(ဃ) ကလေးသူငယ်မှုခင်းနှင့်စပ်လျဉ်း၍ ကလေးသူငယ် တရားရုံးကဖြစ်စေ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကိုစီရင်သော တရားရုံးကဖြစ်စေ ချမှတ်သော စီရင်ချက်နှင့် အမိန့်မိတ္တူကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး သို့မဟုတ် ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးသို့ ပေးပို့ရမည်။ အကယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ခြင်းဖြစ်ပါက ထိုသို့ချမှတ်သော စီရင်ချက်နှင့် အမိန့်မိတ္တူကို ဝန်ကြီးဌာနသို့ပေးပို့ရမည်။

## အခန်း (၂၃)

## ကလေးသူငယ် ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များ

၉၂။ ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကလေးသူငယ်တရားရုံးက ကလေးသူငယ်နှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်သောအခါတွင် လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အစီရင်ခံစာ တင်သွင်းခြင်း၊

(ခ) မိမိ၏ စောင့်ကြည့်ကြီးကြပ်မှုခံယူရန် ကလေးသူငယ်တရားရုံးက အမိန့်ချမှတ်ခြင်းခံရသော ကလေးသူငယ်ကို သတ်မှတ်ထားသော နည်းလမ်းဖြင့် စောင့်ကြည့်ကြီးကြပ်ခြင်း၊

(ဂ) ကလေးသူငယ်ကို အန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်ဖွယ်ရာရှိကြောင်း သို့မဟုတ် ကလေးသူငယ်မှာ အန္တရာယ်ကျရောက်လျက်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာလူမှုဝန်ထမ်းအရာရှိ နှင့် ရဲတပ်ဖွဲ့သို့ အကြောင်းကြားခြင်း၊

(ဃ) သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးသည့် ကလေးသူငယ်ကိုတွေ့လျှင် ထိုကလေးသူငယ်ကို ထွက်ပြေးခဲ့သည့်သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း၊

(င) ပုဒ်မခွဲ (ဃ) အရ ထွက်ပြေးသည့် ကလေးသူငယ်မှာ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရိုက်နှက်ဆုံးမခြင်း သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော ပုံစံတစ်မျိုးမျိုးဖြင့် ပြစ်ဒဏ်ပေးခြင်းကြောင့် ထွက်ပြေးခြင်း ဖြစ်ပါက ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်အဖြစ်သတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊

(စ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံး သို့မဟုတ် မြို့နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး၏ ကြီးကြပ်မှုဖြင့် မိဘ သို့မဟုတ် အုပ်ထိန်းသူ၊ ရပ်ရွာလူကြီးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ပေးသော ကလေးသူငယ်နှင့် သက်ဆိုင်သည့် အခြားလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၂၄)

## အကျဉ်းထောင်များတွင် ကလေးသူငယ်များကို ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ခြင်း

၉၃။ အကျဉ်းထောင် တာဝန်ခံအရာရှိသည် ထောင်ဒဏ်ချမှတ်ခံရသော ကလေးသူငယ်နှင့်ပတ်သက်၍ –

(က) ကလေးသူငယ်အသက် ၁၈ နှစ် ပြည့်သည်အထိ လူကြီးအကျဉ်းသားများနှင့် အတူတကွမထားရှိရ။

(ခ) လူကြီးအကျဉ်းသားများ ဖြတ်သန်းသွားလာခြင်းမပြုနိုင်သည့် သီးခြားအဆောင် သို့မဟုတ် အခန်း တွင် ထားရှိရမည်။

(ဂ) မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ သူငယ်ချင်း မိတ်ဆွေများနှင့်လည်းကောင်း၊ ရှေ့နေ၊ ဥပဒေအကြံပေးနှင့် လည်းကောင်း လွတ်လပ်စွာ တွေ့ဆုံခွင့်ပြုရမည်။ ယင်းတို့နှင့် ကလေးသူငယ်အကြား စာရေးသား ဆက်သွယ်မှုနှင့် အခြားဆက်သွယ်ပြောဆိုမှုများကို လျှို့ဝှက်ထားရှိရမည်။

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပစ္စည်းများမှအပ ကလေးသူငယ်ထံ ပေးပို့သည့် အစားအသောက်နှင့် သတ်မှတ်ထားသော ပစ္စည်းများပေးပို့ခြင်းကို လက်ခံခွင့်ပြုရမည်။

(င) အလုပ်ကြမ်းခိုင်းစေခြင်း သို့မဟုတ် အကျဉ်းဦးစီးဌာန၏ ကွပ်ကဲမှုအောက်ရှိ သတ်မှတ်ထားသော စခန်းသို့ ပို့လွှတ်ခြင်းမပြုရ။

(စ) ကလေးသူငယ်အား ကျန်းမာရေး စစ်ဆေးခြင်းကို မဖြစ်မနေ ပုံမှန်ပြုလုပ်ပေးပြီးလိုအပ်ပါက ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဆ) ကလေးသူငယ်၏ အကျင့်စာရိတ္တကိုပြုပြင်ပြောင်းလဲပြီး လူ့အဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့ပေါင်း စည်းရေးနှင့် ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုမည့် သင်တန်းပို့ချခြင်း၊ ပညာသင်ကြား ပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်ကြားပေးခြင်းတို့ပြုရမည်။

(ဇ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်အညီ ထောင်ဒဏ်မှ လျှော့ရက်ခံစားခွင့်ပေးရမည်။

၉၄။ အကျဉ်းထောင်တာဝန်ခံအရာရှိသည်–

(က) ကိုယ်ဝန်ဆောင် အမျိုးသမီးအကျဉ်းသားအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ အကျဉ်းထောင် ပြင်ပဆေးရုံ တစ်ခုခုတွင်သာ မီးဖွားနိုင်ရေး၊ မိခင်နှင့် ကလေးပြုစုစောင့်ရှောက်ရေးတို့အတွက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးရမည်။ အကယ်၍ အကျဉ်းထောင်အတွင်း မွေးဖွားရသည်ဆိုပါက အကျဉ်းထောင်အတွင်း မွေးဖွားကြောင်းကို ကလေး၏မွေးစာရင်းတွင်ဖော်ပြခြင်း မပြုရ။

(ခ) မိခင်အကျဉ်းသား၏ ကလေးသူငယ်ကို အကျဉ်းထောင်ပြင်ပတွင် အုပ်ထိန်းမည့်သူ သို့မဟုတ် ပြုစု စောင့်ရှောက်မည့်သူမရှိလျှင်ဖြစ်စေ၊ အကျဉ်းထောင်တွင်ကလေးမွေးဖွားလျှင်ဖြစ်စေ မိခင်ကဆန္ဒရှိလျှင် ကလေးသူငယ် အသက် ၄ နှစ် ပြည့်သည်အထိ အကျဉ်းထောင်တွင်မိခင်နှင့်အတူ နေထိုင်ခွင့်ပြုရမည်။ အကယ်၍ထိုကလေးသူငယ်ကို မိခင်က ဆန္ဒရှိပါက အသက် ၆ နှစ်ပြည့်သည်အထိ အကျဉ်းထောင်တွင် မိခင်နှင့်အတူ ဆက်လက်နေထိုင်ခွင့်ပြုနိုင်သည်။

(ဂ) အကျဉ်းထောင်တွင် မိခင်အကျဉ်းသားနှင့် အတူနေထိုင်သော ကလေးသူငယ်အတွက် အစား အသောက်နှင့် စားဝတ်နေရေး၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုတို့ ဖြည့်ဆည်းပေးရန် တာဝန်ယူရမည်။ ထို့အပြင် ရှေးဦးအရွယ်ကလေးသူငယ်များအတွက် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများ ကို ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် အားကစားနှင့်ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရမည်။

(ဃ) မိခင်အကျဉ်းသားသည် အကျဉ်းထောင်တွင် ကွယ်လွန်သည့်အခါ အတူနေကလေးသူငယ်တစ်ဦးဦး ကျန်ရစ်ခဲ့လျှင်သော်လည်းကောင်း၊ မိခင်အကျဉ်းသားနှင့်အတူနေထိုင်သော ကလေးသူငယ်သည်အသက် ၆ နှစ်ပြည့်လျှင်သော်လည်းကောင်း၊ ကလေးသူငယ်ကို ပြုစုစောင့်ရှောက်ရန်နှင့် အုပ်ထိန်းရန်အတွက် အစီအစဉ်များ

ပြုလုပ်ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆောလျင်စွာ အကြောင်းကြားရမည်။

(င) ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းနေကလေးသူငယ်များ အကျဉ်းထောင်အတွင်း အတန်းပညာ ဆက်လက်သင်ယူနိုင်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေးအတွက်လည်းကောင်း၊ အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရမည်။

၉၅။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၉၄၊ ပုဒ်မခွဲ (ဃ)တွင် ဖော်ပြထားသော ကလေးသူငယ်အား အုပ်ထိန်း၍ ပြုစုစောင့်ရှောက်ပေးမည့် ဆွေမျိုးသားချင်းများထံအပ်နှံရမည်။ အကယ်၍ ဆွေမျိုးသားချင်း မရှိလျှင် ဤဥပဒေနှင့်အညီ သင့်လျော်သော ပြုစုစောင့်ရှောက်သူထံသို့ဖြစ်စေ၊ အခြားနည်းဖြင့်ပြုစု စောင့်ရှောက်ခြင်း လုပ်ငန်းစဉ်ဖြင့်ဖြစ်စေ အပ်နှံစေနိုင်သည်။

## အခန်း (၂၅)

## ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များနှင့် ကလေးသူငယ် သက်သေများအား အကူအညီနှင့် အကာအကွယ်ပေးခြင်း

၉၆။ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ ကလေးသူငယ်တရားရုံးရှေ့မှောက်တွင်ဖြစ်စေ၊ တရားရုံး တစ်ခုခုတွင်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ်ထွက်ဆိုသော ကလေးသူငယ်များနှင့်ပတ်သက်၍−

(က) ထိုကလေးသူငယ်များသည် ဤဥပဒေပါအခွင့်အရေးများအပြင် အောက်ပါအခွင့်အရေးများကို ခံစားခွင့်ရှိသည်−

(၁) တစ်ဦးချင်း လွတ်လပ်လုံခြုံမှုကို ကာကွယ်စောင့်ရှောက်မှုရရှိခွင့်၊

(၂) ကလေးသူငယ်နှင့် သင့်လျော်သော ပတ်ဝန်းကျင်တွင် တွေ့ဆုံမေးမြန်းပြီး သက်သေအဖြစ် ထွက်ဆိုခွင့်၊

(၃) မည်သည့် မှုခင်းကိုမဆို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကြားနာစစ်ဆေးပေးမှုခံယူရရှိခွင့်၊

(၄) အလေးဂရုပြုမှုဖြင့် ဆက်ဆံမှုရရှိခွင့် အသက်အရွယ်နှင့် သင့်လျော်သောရိုးရှင်းသည့်စကား အသုံးအနှုန်းဖြင့် မေးခွန်းများမေးမြန်းဖြေကြားခွင့်၊

(၅) ကိုယ်တိုင်ထွက်ဆိုနိုင်ခြင်းမရှိသော မသန်စွမ်းကလေးသူငယ်အတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူကနှုတ်ဖြင့်ဖြစ်စေ၊ လက်သင်္ကေတပြ ဘာသာစကားဖြင့်ဖြစ်စေ၊ အခြားနားလည်လွယ်သည့် အမူအရာဖြင့်ဖြစ်စေ ကိုယ်စားပါဝင်ဆောင်ရွက်နိုင်ခွင့်။

(ခ) ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာအထောက်အပံ့နှင့် အခြားအကူအညီများရရှိရေးအတွက်သတင်း အချက်အလက်များကို မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် ကူညီစောင့်ရှောက်သူထံ ကူညီ ဖြည့်ဆည်းပေးပိုင်ခွင့် ရရှိစေရမည်။

(ဂ) ကလေးသူငယ်များအား စစ်ဆေးရာတွင်–

(၁) ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုစေဘဲ မှန်ကန်စွာထွက်ဆိုပါမည်ဟု ကတိသစ္စာပြုစေပြီးစစ်မေးရမည်။

(၂) ရှုပ်ထွေးသောမေးခွန်း၊ တစ်ဆက်တည်းမေးခွန်းနှင့် မလိုအပ်ဘဲ ထပ်ဆင့်မေးခွန်းများမေးမြန်းခြင်း မပြုရ။

(၃) သက်သေခံအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မိမိသက်သေအား အဓိကစစ်မေးခြင်းနှင့် အခြားတစ်ဘက်မှ ပြန်လှန်စစ်မေးပြီးနောက် ပြန်လည်စစ်မေးခြင်းပြုရာတွင်လည်းကောင်း၊ အခြား တစ်ဘက်မှအမှုသည်၊ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ ကူညီသူ သို့မဟုတ် ရှေ့နေက ပြန်လှန်စစ်မေးခြင်း ပြုရာတွင်လည်းကောင်း နိမိတ်ပြမေးခွန်းကို မေးမြန်းခြင်းမပြုရ။

(ဃ) မည်သူမျှ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ် သို့မဟုတ် မှုခင်းတွင် သက်သေ အဖြစ်ပါဝင်နေသော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် မှုခင်းသတင်းအချက်အလက်များ ရယူခြင်း၊ ထည့်သွင်းခြင်းနှင့် ကြော်ငြာခြင်း၊ ကလေးသူငယ်ကို ဓာတ်ပုံရိုက်ခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများတွင် ထည့်သွင်းခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်း များတွင်ထည့်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ အသုံးပြုခြင်းမပြုရ သို့မဟုတ် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှု ဆက်သွယ်ရေးနည်းလမ်းများတွင် ထုတ်လွှင့်ခြင်းမပြုရ။

(င) ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ်ထွက်ဆိုသော ကလေးသူငယ်များ နှင့် ဆက်နွှယ်ပတ်သက်သူများသည် ကလေးသူငယ်မှုခင်းကိစ္စကို ထုတ်ဖော်ခြင်းမပြုဘဲ လျှို့ဝှက်ထားရှိ ရမည်။

၉၇။ ဝန်ကြီးဌာနသည် ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း အစီအမံများချမှတ် ဆောင်ရွက်ရမည်။

## အခန်း (၂၆)

## အယူခံခြင်း

၉၈။ (က) မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိက ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) အရ ကလေးသူငယ်အား မွေးစားခြင်းကို မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လူမှုဝန်ထမ်းဦးစီးဌာနသို့ အယူခံနိုင်သည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာမွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိက ချမှတ်သည့် အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၉၉။ (က) လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ်သော အောက်ပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် နေ့မှရက်ပေါင်း ၆၀ အတွင်း ဝန်ကြီး ဌာနသို့ အယူခံဝင်နိုင်သည်-

(၁) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၂) ပုဒ်မ ၁၇ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၃) ပုဒ်မ ၃၁ အရ မွေးစားမိဘက မွေးစားခြင်းဆိုင်ရာ တာဝန်ကို လိုက်နာရန်ပျက်ကွက်မှု သို့မဟုတ် စည်းကမ်းချက် သို့မဟုတ်

တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှုအတွက် ချမှတ်သော

စီမံခန့်ခွဲရေး ဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(၄) ပုဒ်မ ၉၈၊ ပုဒ်မခွဲ (ခ) အရ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး

လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို

အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၂၇)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၀၀။ (က) မည်သူမဆို ကလေးသူငယ်အား အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို

ကျူးလွန်ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို

အနည်းဆုံးတစ်လမှ အများဆုံး ခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်

တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊

ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်-

(၁) အရက်၊ ဘီယာ ဝယ်ခိုင်းခြင်း၊ ရောင်းချခြင်း၊ သောက်ရန် တိုက်တွန်းခြင်း

သို့မဟုတ် သောက်ရန် ခွင့်ပြုခြင်း၊

(၂) မိဘဆွေမျိုးမပါဘဲ ကပွဲ (dayclub၊ nightclub)၊ ကာရာအိုကေ သို့မဟုတ်

အနှိပ်ခန်းတွင် ဝင်ရောက်ခွင့်ပြုခြင်း၊

(၃) စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊

(၄) ရိုက်နှက် ပြစ်ဒဏ်ပေးခြင်း၊

(၅) ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်ခြင်း။

(ခ) မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း

ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးနှစ်လမှ

အများဆုံးကိုးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် နှစ်သိန်းမှ

အများဆုံးကျပ် လေးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊

ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ရမည်-

(၁) ကလေးသူငယ်အား လောင်းကစားရန် သွေးဆောင်ခြင်း၊ တိုက်တွန်းခြင်း

သို့မဟုတ် အားပေး ကူညီခြင်း၊

(၂) ကလေးသူငယ်ထံမှ ပစ္စည်းတစ်စုံတစ်ရာကို အပေါင်ခံခြင်း၊ ကလေးသူငယ်က ပစ္စည်းပေါင်နှံ သည်ကို အားပေးကူညီခြင်း။

(၃) ကောင်းသော အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် ဈေးရောင်းသူ ကလေးသူငယ်ထံမှ ပစ္စည်းကို ဝယ်ယူခြင်းမှတစ်ပါး ကလေးသူငယ်ရောင်းချသည့် ပစ္စည်းတစ်ခုခုကိုဝယ်ယူခြင်း။

(ဂ) မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ရမည်–

(၁) ကလေးသူငယ်အား သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးလွတ်မြောက်ရန် သွေးဆောင်ခြင်း၊ အကူအညီပေးခြင်း၊ ထွက်ပြေးလွတ်မြောက်လာသည့် ကလေးသူငယ်ဖြစ်သည်ကို သိလျက်နှင့် လက်ခံခြင်း၊ ဝှက်ထားခြင်း သို့မဟုတ် မူလနေရာသို့ ပြန်မသွားရန် တားဆီးပိတ်ပင်ခြင်း၊

(၂) ကလေးသူငယ်၏ လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်းသည့် ခန္ဓာကိုယ် အစိတ်အပိုင်းအားထိတွေ့ပွတ်သပ် ကိုင်တွယ်ခြင်း။

၁၀၁။ (က) မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးလေးလမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် လေးသိန်းမှ အများဆုံး ကျပ်ခြောက်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်–

(၁) တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတစ်ခုခုကို တည်ထောင်ဖွင့်လှစ်ခြင်း၊

(၂) ပုဒ်မ ၉၆၊ ပုဒ်မခွဲ (ဃ) ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း။

(ခ) မည်သူမဆို ကလေးသူငယ်အား အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးလမှ အများဆုံး နှစ်နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်–

(၁) အရက်၊ ဘီယာ အရောင်းအဝယ်ပြုလုပ်သော လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ရန်ခန့်အပ်ခြင်း၊ ခိုင်းစေခြင်း သို့မဟုတ် ခွင့်ပြုခြင်း၊

(၂) လိင်ပိုင်းဆိုင်ရာလုပ်ငန်းနှင့် ဆက်စပ်သည့် ကပွဲ (dayclub၊ nightclub)၊ ကာရာအိုကေ အနှိပ်ခန်းစသည့် နေရာတစ်ခုခုတွင် အလုပ်လုပ်ရန် ခိုင်းစေခြင်း၊ အလုပ်လုပ်သည်ကို ခွင့်ပြုခြင်း။

၁၀၂။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှအများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ခြောက်သိန်းမှ အများဆုံး ကျပ် ၁၂ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်–

(က) မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်တောင်းရမ်းနေသည်ကို တားမြစ်ရန် ပျက်ကွက်ခြင်း၊

(ခ) ကလေးသူငယ်အား တောင်းရမ်းစေခြင်း၊

(ဂ) မိမိတောင်းရမ်းရာတွင် ကလေးသူငယ်ကို အသုံးပြုခြင်း။

၁၀၃။ (က) မည်သူမဆိုကလေးသူငယ်အား အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးရှစ်လမှ အများဆုံး ငါးနှစ်အထိထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်ရှစ်သိန်းမှ အများဆုံး ကျပ် ၁၆ သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်–

(၁) မသန်စွမ်းကလေးသူငယ်အားနိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း၊

(၂) ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဂုဏ်သိက္ခာဆိုင်ရာ ထိခိုက်မှုဖြစ်စေသော အလုပ်လုပ်ရန် ခိုင်းစေခြင်း၊

(၃) ဘေးအန္တရာယ်ရှိသော အလုပ်ကိုဖြစ်စေ၊ ကျန်းမာရေးထိခိုက်စေသော အလုပ်ကိုဖြစ်စေ ခိုင်းစေခြင်း သို့မဟုတ် လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(၄) အခမဲ့ အလုပ်ခိုင်းစေခြင်း သို့မဟုတ် အခမဲ့ဝန်ဆောင်မှုပေးစေခြင်း၊

(၅) နှိပ်စက်ညှဉ်းပန်းမှု ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာ ကျဆင်းစေသော နှိမ့်ချပြုမူဆက်ဆံမှုတို့ ပြုကျင့်ခြင်း။

(ခ) မည်သူမဆို ကလေးသူငယ်အား လက်နက်ကိုင်ပဋိပက္ခအတွင်း အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး

ခြောက်နှစ် အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် ကိုးသိန်းမှအများဆုံးကျပ် ၁၈ သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်–

(၁) ရိက္ခာ၊ လက်နက် သို့မဟုတ် ပစ္စည်းများ သယ်ယူခိုင်းခြင်းစသည့် ပံ့ပိုးရေးလုပ်ငန်းများတွင်အသုံး ပြုခြင်း၊ လမ်းပြခိုင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(၂) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။

၁၀၄။ မည်သူမဆို–

(က) ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က) အားစနစ်တကျ စိစစ်ရန် ပျက်ကွက်မှုကြောင့် ကျူးလွန်ခြင်းဖြစ်ပါက နှစ်နှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။ တမင်ရည်ရွယ်၍ ကျူးလွန်ခြင်းဖြစ်ပါက ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၆၄၊ ပုဒ်မခွဲ (က) ပါ ပြစ်မှုကို ကျူးလွန်ပါက ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၆၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ) ပါ ပြစ်မှုတို့ကို ကျူးလွန်ပါက တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သည်။

၁၀၅။ (က) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ်လည်းချမှတ်နိုင်သည်–

(၁) မိမိ၏ အုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်အား ပြည့်တန်ဆာလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်း ပြုနေသူနှင့် အတူနေစေရန် ခွင့်ပြုခြင်း၊

(၂) မိမိ၏ အုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်သည် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုနေသည်ကို သိလျက်နှင့် တမင်လျစ်လျူရှုခြင်း၊

(၃) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ ကိုယ်ကာယအလှပြင်ခန်း သို့မဟုတ် စားသောက် ဆိုင်တွင် ကလေးသူငယ်အား ပြည့်တန်ဆာကိစ္စအလို့ငှာ ပေါင်းသင်းဆက်ဆံရန် ခိုင်းစေခြင်း သို့မဟုတ် ခွင့်ပြုခြင်း၊

(၄) ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ယင်းကိစ္စ အလို့ငှာကမ်းလှမ်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း၊

(၅) အတင်းအကြပ်လက်ထပ်ခြင်း သို့မဟုတ် လက်ထက်စေခြင်း။

(ခ) မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးနှစ်နှစ်မှ အများဆုံးတစ်ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၂ သိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်–

(၁) ကလေးသူငယ်ကိုပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊

(၂) ကလေးသူငယ်အား ပြည့်တန်ဆာအဖြစ် ခိုင်းစေ၍ ရှာဖွေရရှိသည့် အကျိုးစီးပွားကိုမှီခို၍ အသက်မွေးခြင်း၊

(၃) လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပြုရန် ကလေးသူငယ်ကိုအသုံးပြုခြင်း၊ ငွေ သို့မဟုတ် ပစ္စည်းကိုပေး၍ခေါ်ယူခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း။

၁၀၆။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်ဆယ်နှစ်မှ အများဆုံး နှစ် ၂၀ အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင်အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံးကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်–

(က) ကလေးသူငယ်ကို ရောင်းချခြင်း၊

(ခ) ကလေးသူငယ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင် ထုတ်ယူ ဖယ်ရှားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် သိလျက်နှင့် အစားထိုးပေးခြင်း။

၁၀၇။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ရမည်။

၁၀၈။ ဤဥပဒေတွင် ပြစ်ဒဏ်သီးခြားသတ်မှတ်ထားခြင်းမရှိသော ခေါင်းပုံဖြတ်ခြင်း အပါအဝင် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်အတွက် သက်ဆိုင်ရာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အရေးယူအပြစ်ပေးခြင်းခံရမည်။

၁၀၉။ သက်ဆိုင်ရာ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ချမှတ်ရမည့်အပြင် တရားမျှတမှုအလို့ငှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူက ပြစ်မှုကျူးလွန်ခြင်းခံရပြီး ထိခိုက်နစ်နာသော ကလေးသူငယ်အား သင့်လျော်သည့် လျော်ကြေးပေးလျော် စေရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း (၂၈)

## ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲသုံးစွဲခြင်း

၁၁၀။ အမျိုးသားကော်မတီသည်–

(က) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကို အောက်ပါ ရငွေများဖြင့် ထူထောင်နိုင်သည်–

(၁) ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နိုင်ငံတော်မှ ထည့်ဝင်သည့် မတည်ငွေနှင့် နှစ်စဉ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဖြင့် ထောက်ပံ့ငွေ၊

(၂) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် ပြည်တွင်း၊ ပြည်ပမှစေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(၃) စုဆောင်းငွေမှ ရရှိသည့် အတိုးငွေများ။

(ခ) သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းပြီးထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းပြုစေရမည်။

(ဂ) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း ရေးဆွဲ၍ ယင်းစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၂၉)

**ကူးပြောင်းကာလ ယာယီပြဋ္ဌာန်းချက်များ**

၁၁၁။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့မတိုင်မီ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ် ၉/၉၃) အရ ကလေးသူငယ်ကိုဖြစ်စေ၊ လူငယ်ကိုဖြစ်စေ အရေးယူခဲ့သော သို့မဟုတ် စစ်ဆေးစီရင်ခဲ့သော ပြစ်မှုနှင့်စပ်လျဉ်း၍-

(က) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်အား ချမှတ်သည့် ပြစ်ဒဏ်များ သို့မဟုတ် ဆုံးဖြတ်ချက်များသည် ပျက်ပြယ်စေရမည်။

(ခ) သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာတွင်ဖြစ်စေ၊ အကျဉ်းထောင် တွင်ဖြစ်စေ ထိန်းသိမ်းခြင်းခံနေရသော အသက် ၁၀ နှစ်အောက်ရှိသောကလေးသူငယ်များကို မိဘ၊ အုပ်ထိန်းသူ၊ ပြုစုစောင့်ရှောက်သူ သို့မဟုတ် လူမှုဝန်ထမ်းအရာရှိ၏ ပြုစုစောင့်ရှောက်မှုသို့ ဆောလျင် နိုင်သမျှ ဆောလျင်စွာ လွှဲပြောင်းပေးရမည်။

၁၁၂။ ဤဥပဒေပြဋ္ဌာန်းသည့် နေ့မတိုင်မီ ကလေးသူငယ်က ကျူးလွန်ခဲ့သည် ပြစ်မှုများနှင့်စပ်လျဉ်း၍-

(က) ပြစ်မှုကြောင်းအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည့် ကလေးသူငယ်ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၃) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် (ခ) ကို ဤဥပဒေ ပုဒ်မ ၇၈၊ ပုဒ်မခွဲ (က) နှင့် (ခ) ဖြင့် အစားထိုးပြီးဖြစ်သကဲ့သို့ မှတ်ယူ၍ ဆက်လက်စစ်ဆေး စီရင်ရမည်။

(ခ) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်ကကျူးလွန်ခဲ့သည့် မပြီးပြတ်သေးသောပြစ်မှု များကို မည်သည့်အဆင့်တွင် ရှိစေကာမူ ပိတ်သိမ်းရမည်။

(ဂ) အသက် ၁၆ နှစ် ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသော လူငယ်က ကျူးလွန်ခဲ့သည့် မပြီးပြတ် သေးသော ပြစ်မှုများကို ဤဥပဒေအရ ကလေးသူငယ်က ကျူးလွန်ခဲ့သည်ဟု မှတ်ယူပြီး ကလေးသူငယ် တရားရုံးများက ဆက်လက်စစ်ဆေးစီရင်ရမည်။

## အခန်း (၃၀)

## အထွေထွေ

၁၁၃။ (က) ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်းသည့် အထောက်အထားကို အောက်ပါအစီအစဉ် အတိုင်း ဦးစားပေး စိစစ်ရမည်–

(၁) မွေးစာရင်း၊

(၂) ကျောင်းဝင်မှတ်ပုံတင်စာရင်း ကျောက်နှုတ်ချက် မိတ္တူမှန်၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ပြည်တွင်းတွင် အမြဲတမ်းနေထိုင်သော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်၊

(၄) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသောသက်ဆိုင်ရာ ဆရာဝန်၏ ဆေးထောက်ခံချက်၊

(၅) အိမ်ထောင်စုစာရင်း

(၆) ပုဒ်မခွဲငယ် (၁) မှ (၅) အထိ သတ်မှတ်ထားသော အထောက်အထားများမရရှိပါက အခြားခိုင်လုံသော အထောက်အထားစာတမ်းအမှတ်အသားတစ်ခုခု။

(ခ) ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်း၍ မွေးဖွားသည့် ခုနှစ်နှင့် လအတွက်သာဖော်ပြနိုင်လျှင် မွေးရက်ကို ယင်းလ ၁၆ ရက်နေ့ဟု လည်းကောင်း၊ မွေးဖွားသည့် ခုနှစ်သာ ဖော်ပြနိုင်လျှင် မွေးလနှင့် နေ့ရက်ကို ထိုနှစ်၏ ဇူလိုင်လ ၁ ရက်နေ့ဟု လည်းကောင်းသတ်မှတ်နိုင်သည်။

၁၁၄။ မည်သူမဆို ကလေးသူငယ်ကို မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ရာဇသတ်ကြီးအရ အရေးယူအပြစ်ပေးရမည်။

၁၁၅။ ဤဥပဒေတွင် ကလေးသူငယ်မှုခင်းများကို စုံစမ်းစစ်ဆေးခြင်း၊ ကလေးသူငယ်တရားရုံးသို့တရားစွဲ ဆိုတင်ပို့ခြင်း၊ စစ်ဆေးစီရင်ခြင်းနှင့် စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက်မပါရှိလျှင် ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၁၆။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၉/၉၃) အရ–

(က) လူမှုဝန်ထမ်း ဦးစီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းနှင့် ယာယီစောင့်ရှောက်ရေး ဂေဟာတို့သည် ဤဥပဒေအရ တည်ထောင်သော သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီ စောင့်ရှောက်ရေးဂေဟာများ ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက လူမှုဝန်ထမ်းဦးစီးဌာနတွင် မှတ်ပုံတင်၍ တည်ထောင်ထားသည့်

ပရဟိတဂေဟာများသည် မှတ်ပုံတင်သက်တမ်းတည်ရှိနေသည့် ကာလအတွင်း ဤဥပဒေအရ တည်ထောင်ခွင့်ပြုမိန့်ဖြင့်တည်ထောင်သည့် ပရဟိတဂေဟာများ ဖြစ်သည်ဟု မှတ်ယူရမည်။ ထိုမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်အခါ ဤဥပဒေနှင့်အညီ တည်ထောင် ခွင့်ပြုမိန့် လျှောက်ထားရယူရမည်။

၁၁၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၁၈။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/ ၉၃) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံး နိုင်သည်။

၁၁၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဤဥပဒေဖြင့်သာ အရေးယူဆောင်ရွက်ရမည်။

၁၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနများနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သက်ဆိုင်ရာ ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၂၁။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/ ၉၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်